ခန္တီ စ ဧတံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏ ။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၉)

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေး

မြန်မာလူမျိုးတို့ နှစ်ပေါင်းထောင်ချီ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် အဆို၊အက၊အရေး၊အတီး အနုပညာရပ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ပိုမိုတိုးတက် မြင့်မားခိုင်ကျည်စေရမည်။

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- ❒ မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
- ❒ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❒ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- ❒ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- ❒ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး။
- ❒ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မှန်မြတ်မြင့်မားသော မျှော်မှန်းချက်များနှင့်အညီ အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ယှဉ်ပြိုင်ရာမှာယထာဇာတ်တော်ကြီး အဆင့်အတန်းမြင့်မားမှုပေါ်လွင်အောင် ဖော်ထုတ်ကြိုးပမ်း အကျိုးရလဒ်ကောင်းများ ဆက်လက်တည်တံ့ခိုင်မြဲစေရေး ဦးဆောင်ဦးရွက်ပြု အနုသုခုမပညာရပ်များ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်း

ဒွါဒသမအကြိမ်(၁၂ကြိမ်)အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ပထမအကြိမ်လုပ်ငန်းညှိနှိုင်း

ရန်ကုန် စက်တင်ဘာ ၅

ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ကျင်းပရာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)

ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့များကို အကျိုးရှိစွာ အသုံးပြု မော်တော်ယာဉ်များ၌ အစားထိုးသုံးစွဲရေး အားပေးမြှင့်တင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေ၊ မြေ သဘာဝသယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံအတွင်း မြောက်မြားစွာရှိသည့် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝ သယံဇာတများစွာအနက် သဘာဝစွမ်းအင် သယံဇာတဖြစ်သည့် သဘာဝဓာတ်ငွေ့များသည် ကမ်းလွန် ပင်လယ်ပြင်၌သာမက ကုန်းတွင်းပိုင်း၌လည်း အမြောက်အမြားထွက်ရှိသည်။ ယင်းကဲ့သို့ အလျှံပယ်ထွက်ရှိသော သဘာဝဓာတ်ငွေ့များအား ယခုအခါ မော်တော်ယာဉ်များတွင် ပြောင်းလဲသုံးစွဲနိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းစက်သုံးဆီ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည့် ကဏ္ဍတစ်ရပ် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီ အသုံးပြုနေရာမှ သဘာဝဓာတ်ငွေ့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲသုံးစွဲနိုင်ရန် လမ်းညွှန်မှုပြုခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုအခါ မြန်မာပြည် အောက်ပိုင်းနှင့် မြန်မာပြည် အလယ်ပိုင်းတွင်သာမက မြန်မာပြည်အထက်ပိုင်းနှင့် နိုင်ငံတစ်ဝန်းတွင် သဘာဝဓာတ်ငွေ့သုံး မော်တော် ယာဉ်များအဖြစ် တွင်တွင်ကျယ်ကျယ် ပြောင်းလဲသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၁၉၈၆ခုနှစ်မှ စတင်၍ သဘာဝဓာတ်ငွေ့၊ ရေနံဓာတ်ငွေ့ရည်၊ မက်သနော စသည့် စက်မောင်းဆီများဖြင့် မော်တော်ယာဉ်အချို့တွင် အောင်အောင်မြင်မြင် ဘေးအန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ခဲ့သည်။ ယခုတစ်ဖန် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်(ပလိပ်)ကို စက်တင်ဘာလ ၄ရက်နေ့က ဖွင့်လှစ် ပေးခဲ့သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးပြီး ဆွေးနွေးမှာကြားရာတွင်-

"မိမိတို့နိုင်ငံ၏ ကုန်းတွင်းပိုင်း သဘာဝဓာတ်ငွေ့မြေများမှပင် မော်တော်ယာဉ်များ၌ သုံးစွဲနိုင်သည့် သဘာဝဓာတ်ငွေ့အလုံအလောက်ထွက်ရှိကြောင်း၊ သမားရိုးကျ ဓာတ်ဆီ၊ ဒီဇယ်ဆီ သုံးစွဲရာမှ သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် မိမိတို့ပြောင်းလဲသုံးစွဲခဲ့ရာ နှစ်ကာလ ကြာမြင့်ခဲ့ပြီဖြစ်၍ မော်တော်ယာဉ်များ၌ သဘာဝဓာတ်ငွေ့အသုံးပြုမောင်းနှင်ခြင်းသည် အသစ်အဆန်း မဟုတ်တော့ကြောင်း၊ စိတ်ချရမှု၊ ဘေးအန္တရာယ်ကင်းမှု၊ အင်ဂျင်ကိုပါ ထိခိုက်မှုမရှိနိုင်သည်တို့ကို လက်တွေ့ကျကျ မိမိတို့သိရှိခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဆက်လက်တိုးချဲ့သုံးစွဲကြရာ၌ လွဲမှားမှု မရှိစေဘဲ စနစ်တကျ ယုံကြည်စိတ်ချစွာ သုံးစွဲကြရန်လိုကြောင်း"

ပြောကြားသည်။

သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို အင်းစိန်၊ မှော်ဘီ၊ ရေနံချောင်း၊ မင်းဘူးတို့၌ ၁၉၈၆ခုနှစ်မှ စတင်၍ အသုံးပြုခဲ့ရာ မော်တော်ယာဉ်စီးရေ ၅၈၇စီးအထိ အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခဲ့သည်။ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များကို ရန်ကုန်မြို့၌ နှစ်ဆိုင်၊ ရေနံချောင်းမြို့၌နှစ်ဆိုင်နှင့် ချောက်မြို့၌တစ်ဆိုင် ဖွင့်လှစ်ထားရှိပြီး ယခုတစ်ဖန် ပလိပ်မြို့တွင် ဖွင့်လှစ်သော သဘာဝဓာတ်ငွေ့ဆိုင်၌ မော်တော်ယာဉ်နှစ်စီးတစ်ပြိုင်တည်း သဘာဝဓာတ်ငွေ့ဖြည့်နိုင်သည့် ပွိုင့်နှစ်ခုတပ်ဆင်ထားကာ ဓာတ်ငွေ့ဖြည့်ချိန် ငါးမိနစ်ခန့်သာ ကြာမြင့်မည်ဟု သိရသည်။ ကျောက်ဆည်ခရိုင်တွင် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်အဖြစ် ယာဉ်၃၅စီးကို စတင်ပြောင်းလဲ အသုံးပြုလျက်ရှိပြီး ထပ်မံ၍ ၁၆၅စီးအား သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲသွားရန် စီစဉ်ဆောင်ရွက်ထားသည်။

သဘာဝဓာတ်ငွေ့ကို မော်တော်ယာဉ်များတွင် အသုံးပြုခြင်းဖြင့် မော်တော်ယာဉ်အင်ဂျင်ကို ထိခိုက်မှုမရှိခြင်း၊ သယ်ယူပို့ဆောင်ခနှင့် ကုန်ကျစရိတ်သက်သာခြင်း၊ ဈေးနှုန်းကြီးသော ဓာတ်ဆီ၊ ဒီဇယ်ဆီများကို ချွေတာနိုင်ခြင်း၊ ပြည်တွင်းမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို အကျိုးရှိစွာအသုံးပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန် ဆောင်ရွက်နိုင်ခြင်း စသည့်အကျိုးဆက်များ ရရှိနိုင်သည်။

သို့ဖြစ်ရာ နိုင်ငံအတွင်း အလျှံပယ်ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အကျိုးရှိစွာ အသုံးပြုပြီး ပြည်တွင်း စက်သုံးဆီလိုအပ်ချက်အား တစ်ဖက်တစ်လမ်းက ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်မည့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ယုံကြည်စိတ်ချစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၆-၉-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ASEAN Economic (စီးပွားရေး)
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၂၃)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရတနာသိုက်နှင့် ရန်နိုင်မား"**(အပိုင်း-၅)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော (၂၁)ကြိမ်မြောက် ငွေပဒေသာပင်အလှူတော်ရေစက်ချပွဲနှင့် အလှူရှင်များအား ညှော်ခံ ဂုဏ်ပြုပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်က နှင်းဆီကုန်းဘိုးဘွား ရိပ်သာ သီရိရတနာခန်းမဆောင်၌ ကျင်းပရာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာ ဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ကျ-ပ)

ဒုတိယဝန်ကြီးဦးဖေသန်း အမြန်ရေယာဉ်နှင့်တွဲရေယာဉ်များစစ်ဆေး အမြန်ရေယာဉ်ကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ဆောက်ခြင်းဖြစ်

ရန်ကုန် စက်တင်ဘာ ၅

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းသည် ယမန်နေ့ နံနက် ၉နာရီက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဋ္ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒလသင်္ဘောကျင်းသို့ရောက်ရှိရာ ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီး ဦးထွန်းမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စီစဉ်ဆောင်ရွက်ထား

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒလသင်္ဘောကျင်းတွင် လွန်းတင်ပြင်ဆင်လျက်ရှိသော ရေယာဉ်များ၊ အသစ်တည်ဆောက်လျက်ရှိသော အမြန်ရေယာဉ်နှင့် တွဲရေယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး ယခုတည်ဆောက်လျက်ရှိသော အမြန်ရေယာဉ်အမျိုးအစားမှာ မြန်မာနိုင်ငံ၌ ပထမဦးဆုံး တည်ဆောက်သော ရေယာဉ်ဖြစ်၍ ခရီးသည်များ သက်သာချောင်ချိရေး၊ ရေယာဉ်တည်ငြိမ်မှုကောင်းမွန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံမှုရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိရန်တို့ကို မှာကြားသည်။

ဒလသင်္ဘောကျင်း အစည်းအဝေးခန်းမ၌ အင်ဂျင်နီယာမှူးကြီး ဦးထွန်းမြင့်က ဒလသင်္ဘောကျင်း၏ လုပ်ငန်းစွမ်းဆောင်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်ဌာနအကြီးအကဲများနှင့် အင်ဂျင်နီယာများအား ရေယာဉ်များကို သက်တမ်းအလိုက် စနစ်တကျ ထိန်းသိမ်းထားရှိရေးအတွက် လိုအပ်သည့် နည်းလမ်းများ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အံ့ကြီး သင်္ဘောကျင်းသို့ ရောက်ရှိပြီး သင်္ဘောကျင်းဝင်းအတွင်းရှိ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် သင်္ဘောကျင်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်အပေါ် ဒုတိယဝန်ကြီးက အံ့ကြီးသင်္ဘောကျင်း၌ ရေယာဉ်များ စနစ်တကျစီမံကိန်းချ ပြင်ဆင် တည်ဆောက်ရေး၊ စက်သုံးဆီနှင့် လျှပ်စစ်ချွေတာ သုံးစွဲရေးတို့အပြင် ရန်ကုန်ဆိပ်ကမ်းအတွင်း အန္တရာယ်ကင်းစွာ ဝင်ထွက်နိုင်ရေးတွင် အဓိကအဟန့်အတားဖြစ်သည့် အတွင်းစည်းခုံ ပုံမှန်သောင်တူးနေရာမှ ဆီသုံးစွဲမှု သက်သာစေရန် သမ္ဗတကမ်းခြေဘက်၌ လွဲတန်း တည်ဆောက်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်းနှင့် ရေယာဉ်ပြုပြင်တည်ဆောက်မှုတွင် လိုအပ်နေမည့် တည်ဆောက်ရေးပစ္စည်းများ ရရှိရေးကို စီမံဆောင်ရွက် ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဩဂုတ် ၂၇ ရက် က တောင်ဥက္ကလာပ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက် ရေး အသင်းမှ ကြီးမှူး ကျင်းပသော စိတ်ကျန်း မာ ရေး အကြောင်း ဆင့်ပွား သင်တန်း ဖွင့်ပွဲကို မြို့နယ်အသင်းရုံး တွင် ကျင်းပရာ အ တွင်း ရေး မှူး ဒေါ်ခင်စန်းဝင်းက သင် တန်း ဖွင့် အမှာစကား ပြောကြားစဉ်။ (၂၀၀)

အမေရိကန်အစိုးရရဲ့ ကျား–ကျား မီးယပ်ကုထုံးနည်းကို ရပ်ဆိုင်းသင့်ပါပြီ

အောင်မိုးခံ

(ယမန်နေ့ကအဆက်)

၁၉၈၈မှ ယနေ့ကာလတိုင်အောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေး၊ လူထုတိုက်ပွဲနဲ့ အာဏာရယူရေး လုပ်ဆောင်ချက်တွေနဲ့ အမေရိကန်အစိုးရရှေ့ဆောင် အနောက်အုပ်စုဝင် နိုင်ငံတွေက စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့ ဖိအားပေးမှုတွေဖြင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ တစ်ဖက်စောင်းနင်း ဝင်ရောက်စွက်ဖက် ဖိအားပေး ဆောင်ရွက်မှုတွေဟာ ဘယ်အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါသလဲ။

တပ်မတော်နဲ့ တပ်မတော်အစိုးရအပေါ် မည်မည်ရရ ပြောပလောက်တဲ့ အကျိုးသက်ရောက်မှုလဲမရှိ၊ တိုင်းပြည်မှာ ဒီမိုကရေစီ ဖြစ်ပေါ်လာရေးအတွက် ဘာအကျိုးသက်ရောက်မှုမှ မရှိသော်လဲ၊ တိုင်းပြည်နဲ့ လူထုအတွက်မှာတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာသင့်သလောက် မလာတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ နှောင့်နှေးမှုတွေ ရှိနေရတယ်။ နိုင်ငံခြား ကုမ္ပဏီတွေ ဖိအားပေးခံရမှုကြောင့် ပြန်လည်ရုပ်သိမ်းသွားမှု၊ မြန်မာနိုင်ငံ ပြည်တွင်းလုပ် အထည်အလိပ်တွေ မရောင်းရအောင် ပိတ်ပင်တားမြစ်မှုတွေကြောင့် စက်ရုံ၊ အလုပ်ရုံတချို့ ပိတ်လိုက်ရတဲ့အတွက် အလုပ်သမားတွေ သောင်းနဲ့သိန်းနဲ့ချီပြီး အလုပ်လက်မဲ့ ဖြစ်ကြရတယ်။

ဘဏ်တွေအချင်းချင်း ငွေကြေးဆက်ဆံမှုတွေ တားမြစ်ပိတ်ပင်မှုကြောင့် နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတွေ လျော့နည်းကျဆင်းကုန်ပြီး တိုင်းရင်းသား လုပ်ငန်းရှင်များနဲ့ သက်ဆိုင်ရာလုပ်ငန်းများမှ အလုပ်သမားတွေရဲ့ အကျိုးစီးပွားတွေ ထိခိုက်နစ်နာကြရတယ်။

'ပြုမှုတိုင်းမှာ ညီမျှတဲ့ တုံ့ပြန်မှုရှိတယ်'၊ 'ကိုယ်လုပ်တဲ့တရား ကိုယ့်ကို ပြန်စိုးမိုးတယ်' ဆိုတဲ့ သိပ္ပံပညာရှင်နျူတန်ရဲ့ နိယာမတရားအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လမ်းစဉ်ကို အလေးအနက် ယုံကြည်အကောင်အထည်ဖော်သူတွေဟာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး အကျိုးတရားတွေ၊ တည်ဆဲဥပဒေများကို ဆန့်ကျင်တဲ့ အကျိုးတရားတွေ ခံစားသူခံစားကြရ၊ ပြည်ပသို့ ထွက်ပြေးသူ ထွက်ပြေးကြရ၊ အဖွဲ့ချုပ်လမ်းစဉ်ကို ဘဝအရ မှားမှန်းသိပြီး လက်တွေ့လုပ်ဆောင်မှုမရှိသူ၊ ပြန်လှန်ဝေဖန်တင်ပြမိသူတွေကို ပါတီက ထုတ်ပစ်ခံကြရနဲ့ ကမောက်ကမ ဖြစ်နေကြရတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၉၃ ခု အမျိုးသားညီလာခံ တက်ရောက်ပါဝင်ခဲ့သူ ခြောက်ဦးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လမ်းစဉ်ကို ဆန့်ကျင်ပြီး အဖွဲ့ချုပ်မှ မိမိတို့ဆန္ဒအလျောက်နုတ်ထွက်ကာ လက်ရှိကျင်းပနေဆဲ အမျိုးသားညီလာခံကိုပင် တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်တွေအဖြစ်နဲ့ ဆက်လက်ပါဝင်တက်ရောက်နေကြပါတယ်။

ဒါကြောင့် အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးဆိုပြီး လူထုတိုက်ပွဲနဲ့ အာဏာရယူရေးလမ်းစဉ်ရယ်၊ ဒီလမ်းစဉ်ကို ထောက်ခံအားပေးသောအားဖြင့် စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့ဒဏ်ခတ်မှုဆိုတာတွေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ စွက်ဖက်ဖိအားပေးနေမှုတွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေး ဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေတဲ့လုပ်ရပ်ရယ်၊ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး ရုပ်အခြေခံတွေဖြစ်တဲ့ ကုန်လုပ်စွမ်းအားစတာတွေကို ကျဆင်းစေတဲ့ လုပ်ရပ်တွေဖြစ်တဲ့အတွက် ဒီမိုကရေစီရေး ဆန့်ကျင်တဲ့၊ လူ့အခွင့်ရေးချိုးဖောက်တဲ့လုပ်ရပ်တွေ သက်သက်သာ ဖြစ်နေပါတယ်။

ယနေ့မြန်မာနိုင်ငံရဲ့ တကယ့်အခြေအနေဟာ ပြည်တွင်းပြည်ပအစိုးရဆန့်ကျင်ရေးဝါဒီတွေ၊ အနောက်အုပ်စုနိုင်ငံတွေနဲ့ ၎င်းတို့ရဲ့ မီဒီယာတွေက မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ ဘယ်လောက် ဆင်းရဲမွဲတေနေပါတယ်လို့ နေ့စဉ်နဲ့အမျှ ဘယ်လိုပဲ ဝါဒဖြန့်ချိနေစေပေမယ့်–

ကုလသမဂ္ဂအဖွဲ့ချုပ်က ထုတ်ဝေလိုက်တဲ့ လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ (Human Development Report 2001)မှာ အဖွဲ့ဝင်နိုင်ငံများရဲ့ အာဟာရစားသုံးမှု မပြည့်ဝသူရာခိုင်နှုန်း(Under Naourished People Percentage of Total Population)အရ ထိုင်း ၂၁ ရာခိုင်နှုန်း၊ ဖိလစ်ပိုင် ၂၁ရာခိုင်နှုန်း၊ သီရိလင်္ကာ ၂၅ ရာခိုင်နှုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၁ ရာခိုင်နှုန်း၊ ဗီယက်နမ် ၂၂ ရာခိုင်နှုန်း၊ အိန္ဒိယ ၂၁ ရာခိုင်နှုန်း၊ မြန်မာ ခုနစ်ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၃၃ ရာခိုင်နှုန်း၊ ပါကစ္စတန် ၂၀ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ် ၃၈ရာခိုင်နှုန်း၊ နီပေါ ၂၈ရာခိုင်နှုန်း၊ လာအို၂၉ရာခိုင်နှုန်းဆိုပြီး ဖော်ပြထားမှုကို ကြည့်လျှင် မြန်မာနိုင်ငံမှာ အာဟာရသုံးစွဲမှု မပြည့်ဝသူဟာ ခုနစ်ရာခိုင်နှုန်းသာ ရှိတာ တွေ့ရှိနိုင်ပါတယ်။ ဒါဟာ ပတ်ဝန်းကျင် တိုင်းပြည်တွေနဲ့ စာရင် လူ့အခွင့်အရေး ဘယ်လောက်ရှိတယ်ဆိုတာကိုလဲ သိရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ **လူ့အခွင့်အရေးရဲ့ပန်းတိုင်ဟာ ငြိမ်းချမ်းစွာအသက်ရှည်တည်မြဲရေးဖြစ်ပါတယ်။**

ဒါတွင် မကပါ ဒီနေ့လက်တွေ့ဘဝမှာ လယ်သမားတွေ၊ ကုန်ထုတ်လုပ်သူတွေဟာ မိမိတို့ထုတ်ကုန်တွေ၊ ကောက်ပဲသီးနှံတွေကို ကြိုက်ရာဈေးမှာ လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်တဲ့ အနေအထား၊ နိုင်ငံခြားသို့ ပုဂ္ဂလိက ကုန်သည်များ ကုန်သွယ်ခွင့်ပြုထားတဲ့ အနေအထားတို့ကြောင့် ထုတ်ကုန်တွေနဲ့ ကောက်ပဲသီးနှံတွေကို နိုင်ငံခြားပေါက်ဈေးနှင့်ယှဉ်ပြီး ဈေးကောင်းရောင်းကြရတဲ့အတွက် ထရံကာကြမ်းခင်းမှ ပျဉ်ထောင်သွပ်မိုးအိမ်နဲ့ တိုက်နဲ့အထိ နေနိုင်သူတွေ၊ စက်ဘီးမှ ဆိုင်ကယ်၊ ရေဒီယိုမှ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်၊ ဗွီစီဒီစက်တွေအထိ ဝယ်ယူသုံးစွဲနိုင်နေတာ၊ နွားလှည်းမှ ထော်လာဂျီ၊ သစ်သားထွန်ထယ်မှ လက်တွန်းထွန်စက်နဲ့ ထွန်စက်ကြီးတွေ၊ တလင်းပျောက်စနစ်နဲ့ စပါးခြွေလှေ့စက်တွေအထိ သုံးစွဲလာနေကြတာ၊ ကျေးလက်တောရွာတွေမှာ ဟာလာစက်တွေ၊ ငါးပုံစက်ကလေးတွေ၊ ဆီစက်ကလေးတွေ မှိုလိုပေါက်နေတဲ့ အခြေအနေတွေ။

ပညာရေးတွေ ဘယ်လောက်နိမ့်ကျ နေပါတယ်လို့ ဝါဒဖြန့် အပုပ်ချနေကြပေမယ့် မြန်မာပြည်သူပြည်သား ၉၃ရာခိုင်နှုန်းကျော် စာတတ်မြောက်နေတာ ရှေးယခင်ကာလတွေက တက္ကသိုလ်ကောလိပ်ဆိုတာ ဘာမှန်းမသိကြတဲ့ ကျေးလက်တောရွာတွေက တောင်သူလယ်သမား သားသမီးတွေဟာ တက္ကသိုလ်ကောလိပ်တွေမှာ တက်ရောက်ပညာသင်ကြားနေကြတာ၊ ပြည်နယ်ပြည်မတောကြို တောင်ကြား ကျေးရွာမှန်သမျှ မူလတန်းကျောင်းမရှိတဲ့ ရွာမရှိလောက်အောင် တိုးတက်နေကြတဲ့ အနေအထားတွေ။

ကျန်းမာရေးနဲ့ ပတ်သက်လို့ ဘယ်လိုနိမ့်ကျနေပါတယ်လို့ ဝါဒဖြန့်ချိနေစေကာမူ ကျေးလက်တောရွာ တိုက်နယ်မြို့နယ်မှန်သမျှ လိုအပ်တဲ့နေရာတိုင်းမှာ ဆေးရုံဆေးခန်းတွေ ဖွင့်လှစ်ထူထောင်ပေးပြီး မြို့နယ်ကြီးတွေ၊ ခရိုင်တွေ၊ တိုင်းတွေမှာ ဆေးရုံတွေ အဆင့်မြှင့်တင်ပေးနေတာ မြို့နယ်၊ ခရိုင်၊ တိုင်းအစရှိတဲ့ မြို့တွေမှာ ပုဂ္ဂလိက ဆေးခန်းတွေ၊ အထူးကုဆေးခန်းတွေ မှိုလိုပေါက်နေတာတွေ။

လမ်းပန်းဆက်သွယ်ရေးမှာလဲ ယခင်က မီးရထား၊ မော်တော်ကားနှင့် ခရီးသွားလျှင် ဘယ်နေရာက ဖုံးထောင်ခွဲလိုက်ပါ့မလဲ။ ဘယ်နေရာက ချုံခို အတိုက်ခံလိုက်ရမလဲ ဆိုတာမျိုး၊ ရေလမ်းက မော်တော်၊ သင်္ဘောတွေနဲ့ သွားပြန်လျှင်လဲ ဘယ်ကမ်းပါး ဘယ်ကွေ့မှာများ ပစ်ခတ်တိုက်ခိုက်တာ ခံရမလဲနဲ့ သည်းထိတ်ရင်ဖို သက်စွန့်ဆံဖျား သွားလာနေကြရတဲ့ လမ်းခရီးတွေဟာ ယခုအခါမှာတော့ ဘေးမသီရန်မခ စိတ်အေးချမ်းသာ နေ့ရောညပါ သွားလာနေနိုင်တာ၊ ယခင်တုန်းက တစ်လမ်းတည်း သွားနိုင်တဲ့ ဒေသတွေမှာ ယနေ့ ရေလမ်း၊ ကုန်းလမ်း ကား၊ ရထားတွေနဲ့ သွားလာနိုင်တဲ့ အနေအထားတွေ ရောက်နေတာတွေ။

ယခင်က လျှပ်စစ်မီးမရှိတဲ့ မြို့ရွာတွေ ယခုလျှပ်စစ်မီးသုံးစွဲလာနိုင်တာစတဲ့ အခြေအနေတွေဟာ တပ်မတော်အစိုးရရဲ့ မနေမနား ကြိုးစားအားထုတ်မှုရဲ့ ရလဒ်တွေ ဖြစ်ပါတယ်။

ဒီလို နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် နေ့ညမနား ကာယကံမြောက် လှုပ်ရှားသွားလာ ကြိုးပမ်းလုပ်ဆောင်ပေးနေတဲ့ တပ်မတော်အစိုးရနဲ့ တပ်မတော်ခေါင်းဆောင်တွေကို လူထုတိုက်ပွဲနဲ့ အပြုတ်တိုက်ပြီး အာဏာရယူရေး၊ နိုင်ငံခြား ဖိအားပေးမှုတွေနဲ့ အာဏာရယူရေးဆိုတဲ့ စိတ်ကူးယဉ်လုပ်ဆောင်မှုမျိုးတွေ၊ အခြေခံတရားမဲ့တဲ့ အစွဲအလမ်းဟောင်းတွေကို အသေဆုပ်ကိုင် ရင်ဝယ်ပိုက်ထားသူတွေ၊ ကိုယ့်ကြမ္မာ ကိုယ်သာဖန်တီးနိုင်တယ်ဆိုတဲ့ သစ္စာတရားကို နားမဝင်နိုင်တဲ့ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုဝါဒီတွေ ရှိနေသေးတယ်။ ဒီပုဂ္ဂိုလ်တွေကလွဲပြီး ကျန်ပြည်သူပြည်သားအားလုံးကတော့ တပ်မတော်အစိုးရရဲ့ အကျိုးသက်ရောက်မှုရှိတဲ့ လက်တွေ့လုပ်ဆောင်ချက်တွေကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေရပြီဖြစ်ပါတယ်။ နိုင်ငံနှင့်ပြည်သူအတွက် အလုပ်အကျွေးပြုမှုမပါဘဲ အခြေခံတရားမဲ့တဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်တွေနဲ့ တည်ဆဲအစိုးရကို စဉ်ဆက်မပြတ် ဝေဖန်ပုတ်ခတ်နေရုံဖြင့် ၎င်းတို့အာဏာရရေးအတွက် ၎င်းတို့ထောင်ကျခံ၊ အဖမ်းခံ၊ အသေခံတိုက်ပွဲဝင်ပေးကြလိမ့်မယ်လို့ မျှော်လင့်နေတဲ့ သဘောထားဟာ ဖိုးလမင်းကို ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါလို့ တောင်းဆိုနေတဲ့ စိတ်ကူးယဉ်မှုမျိုးသာ ဖြစ်ပါလိမ့်မယ်။

ယနေ့ ကမ္ဘာကြီးဟာ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ အပြုသဘောဆက်ဆံရေးနဲ့ မိမိအကျိုးစီးပွားဖြစ်ရေးကို ကြိုးစားတာမျိုးမဟုတ်ဘဲ ကိုလိုနီအုပ်စိုးမှုနဲ့ ရယူဖို့ကြိုးစားတာကို လက်မခံကြောင်း ဒုတိယကမ္ဘာစစ်အပြီး ဗီယက်နမ်စစ်ပွဲက သက်သေပြခဲ့ပါပြီ။

ကုလသမဂ္ဂအခြေခံမူတွေနဲ့ အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွေကို စက္ကူစုတ်လိုသဘောထား၊ ကမ္ဘာ့အတိုင်းတိုင်းအပြည်ပြည်က ဝေဖန်ကန့်ကွက်နေပါလျက် အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေး လှည့်စားချက်ဖြင့် သြဇာခံအစိုးရကိုမွေးပြီး ရေနံကိုလက်ဝါးကြီးအုပ်နိုင်ရေးလုပ်ရပ်မျိုးဟာလဲ မအောင်မြင်နိုင်ကြောင်း အီရတ်စစ်ပွဲက သက်သေပြနေပါပြီ။ ဒုတိယကမ္ဘာစစ်ပြီးစက စစ်ကြောင့်စီးပွားတက်ခဲ့ရတဲ့အဖြစ်ကို 'အိပ်မက်' မက်တမ်းတပြီး စစ်နဲ့အီရတ်ရေနံကို အရယူဖို့ကြိုးပမ်းချက်ဟာ အမေရိကန်စီးပွားရေးနာလန်ထူမှုကို အကျိုးမပြုနိုင်ရုံမက အကျဘက်ကိုသာ ညွှန်ပြနေပြီး တစ်ချိန်က မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများနဲ့ သွေးကွဲ၊ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာနဲ့ သြဇာတွေ ကျဆင်းဆုံးရှုံးနေရကြောင်းကို ကမ္ဘာကျော်ပညာရှင် ၁၀၀ ရဲ့ ဝေဖန်မှုက ထောက်ပြနေပါပြီ။

ယနေ့ မြန်မာနိုင်ငံကို ဝိုင်းပယ်ဘေးဖယ်ထားပြီး အာဆီယံနိုင်ငံတွေမှာ စီးပွားရှာလိုတဲ့ ဥရောပသမဂ္ဂဟာလဲ အကြံရခက်နေပါပြီ။ ကာယကံရှင်ကိုယ်တိုင်က စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အလုပ်အကျွေးပြုမှုတွေ လုံလောက်စွာမရှိဘဲ အင်အားကြီး တိုင်းပြည်တစ်ပြည်က ဖိအားပေးနန်းတင်ထားသော်လည်း ရာဇပလ္လင်နဲ့မမြဲနိုင်ကြောင်း ဟေတီသမ္မတ ဖြစ်ရပ်က သက်သေပြခဲ့ပါပြီ။

တစ်ချိန်တစ်ခါမှာ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြီးမားတဲ့ လူထုထောက်ခံမဲနဲ့ နိုင်ငံတော်ကို အစိုးရအဖြစ် အုပ်ချုပ်ရှေ့ဆောင်ခွင့်ရခဲ့သော်လဲ မှန်ကန်တဲ့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးအလုပ်အကျွေး ပြုမှုတွေ လုံလောက်စွာ မရှိရင် မတည်မြဲနိုင်ကြောင်း ဖဆပလအစိုးရရဲ့ ဖြစ်ရပ်က သက်သေပြခဲ့ပါပြီ။

တံလျှပ်ကို ရေထင်ပြီး လူထုအထင်ကြီးခံရမှုကြောင့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော်လဲ လက်တွေ့ဘဝနယ်ပယ်မှာ ရှိသင့်တဲ့ အရည်အချင်းနဲ့ ရှေ့မဆောင်နိုင်မှုကြောင့် တစ်နှစ်လောက်အတွင်းမှာပင် ပြည်သူလူထုက ပြန်လည်ဖြုတ်ချတာ ခံလိုက်ရတဲ့ အိမ်နီးချင်းတိုင်းပြည်က သမ္မတနှစ်ဦးရဲ့ ဖြစ်ရပ်တွေက သက်သေပြခဲ့ပါပြီ။ လူပုဂ္ဂိုလ်တစ်ယောက်၊ ပါတီအဖွဲ့အစည်းတစ်ခု အာဏာရရှိရေးနဲ့ အာဏာတည်မြဲရေးဆိုတာ အဲဒီပုဂ္ဂိုလ်နဲ့ ပါတီတို့ဟာ ပြည်သူတွေ အလေးအနက်အားထားလောက်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အလုပ်အကျွေးပြုမှုတွေမှ သက်ရောက်လာတဲ့ အကျိုးတရားအရ မဟုတ်ဘဲ တည်ဆဲအစိုးရကို အချို့က ယာယီအမြင်လွဲမှားနေမှုအပေါ် ချက်ကောင်းယူပြီး အစိုးရဆန့်ကျင်ရေး သွေးထိုးလှုံ့ဆော်မှုမျိုးနဲ့လဲ မရပါ။ အင်အားကြီးတိုင်းပြည်ရဲ့ ထောက်ခံအားပေးမှုကို အထင်ကြီးကာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတို့ဆိုပြီး ကာလအလိုက် လူကြိုက်များတဲ့ ဝေါဟာရတွေနဲ့ တန်ဆာဆင်ထားတဲ့ အပေါ်ယံရွှေမှုန်ကြဲအသွင်ကို အထင်ကြီးပြီး တံလျှပ်ကို ရေထင်မိတဲ့ အချို့သောသူတွေရဲ့ ထောက်ခံမှုမျိုးနဲ့လဲ မရနိုင်ပါ။

ဒါကြောင့်–

(၁) အမေရိကန်အစိုးရနဲ့ အနောက်အုပ်စုနိုင်ငံတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ တိုးတက်ဖြစ်ပေါ်ရေးကို အမှန်တကယ်လိုလားလျှင်၊ ကမ္ဘာ့ဈေးကွက်ကျယ်ကြီးတစ်ခုဖြစ်တဲ့ အာဆီယံဈေးကွက်မှာ စီးပွားရှာလိုပါလျှင်–

မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ နိုင်ငံရေးတစ်ဖက်စောင်းနင်း ဖိအားပေးမှုတွေနဲ့ သြဇာခံအစိုးရထူထောင်ရေးကို စွန့်လွှတ်ကာ စီးပွားရေး၊ နိုင်ငံရေး မမှန်မကန်ဖိအားပေးမှုတွေကို ရပ်ဆိုင်းပြီး အာဆီယံနည်းတူ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး အပြုသဘောဆက်ဆံရေး (Structive Engagement)လမ်းကို ပြောင်းသင့်ပါပြီ။

(၂) ပြည်တွင်းပြည်ပမှ အစိုးရဆန့်ကျင်ရေး ဝါဒီတွေဟာလဲ မိမိတို့ကိုယ်ကို စစ်မှန်သော ဒီမိုကရေစီဝါဒီတွေဖြစ်ရေးနဲ့ တိုင်းပြည်မှာ စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေးကို အမှန်တကယ်လိုလားပါလျှင်–

ယနေ့ကာလ မြန်မာနိုင်ငံရဲ့ အနေအထားအရ တည်ဆဲတပ်မတော်အစိုးရကို မဟာမိတ်အဖြစ် လက်တွဲပူးပေါင်းပြီး လက်တွေ့ကျတဲ့ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ရပ်တွေကို ကာယကံမြောက်ပူးပေါင်းလုပ်ဆောင်နည်းမှလွဲ၍ အခြားနည်းလမ်းမရှိနိုင်ပါ။

ဒါကြောင့် တည်ဆဲအစိုးရကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ သဘောတရား အမှားဖြင့် လူထုတိုက်ပွဲနဲ့ အာဏာရယူရေးလမ်းစဉ်ကို စွန့်လွှတ်သင့်ပါပြီ။

မြန်မာနိုင်ငံရဲ့ကာလဒေသ ပယောဂနဲ့ ကြောင်းကျိုးဆက်စပ်မှုကင်းမဲ့တဲ့ **"အမေရိကန်ရဲ့ ကျား–ကျား မီးယပ်ကုထုံးနည်းများကို ရပ်ဆိုင်းသင့်ပါပြီ"**

နိုင်ငံတော်အစိုးရ (တပ်မတော်)ရဲ့ ပြည်သူ့အကျိုးပြုစီမံကိန်းများတွင် စေတနာမှန်ဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

ဒါကြောင့် အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးဆိုပြီး လူထုတိုက်ပွဲနဲ့ အာဏာရယူရေး လမ်းစဉ်ရယ်၊ ဒီလမ်းစဉ်ကို ထောက်ခံအားပေးသောအားဖြင့် စီးပွားရေး၊ နိုင်ငံရေး ပိတ်ဆို့ဒဏ်ခတ်မှုဆိုတာတွေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ စွက်ဖက်ဖိအားပေးနေမှုတွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေတဲ့ လုပ်ရပ်ရယ်၊ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး ရုပ်အခြေခံတွေဖြစ်တဲ့ ကုန်လုပ်စွမ်းအား စတာတွေကို ကျဆင်းစေတဲ့ လုပ်ရပ်တွေဖြစ်တဲ့အတွက် ဒီမိုကရေစီရေး ဆန့်ကျင်တဲ့၊ လူ့အခွင့်ရေး ချိုးဖောက်တဲ့ လုပ်ရပ်တွေ သက်သက်သာ ဖြစ်နေပါတယ်။

မိုဆူးလ်မြို့၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲရာ ရဲအရာရှိတစ်ဦးသေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် စက်တင်ဘာ ၃

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် အစိုးရအဆောက်အအုံတစ်ခုအနီး၌ စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲရာ ရဲအရာရှိ တစ်ဦးသေဆုံးပြီး အခြားရဲတစ်ဦးအပါအဝင် ၁၈ ဦး ဒဏ်ရာရကြောင်း အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

ခုခံတိုက်ခိုက်နေ

မိုဆူးလ်မြို့လယ်ကောင်၌ စိန်ပြောင်းကျည်များဖြင့် တိုက်ခိုက်မှုသည် မွန်းလွဲပိုင်းခန့်၌ ဖြစ်သည်ဟုဆိုသည်။ ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၄၀၀ ခန့်၌ရှိသော မိုဆူးလ်မြို့သည် အမေရိကန်နှင့်အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား အီရတ်လက်နက်ကိုင်တပ်များက ခုခံတိုက်ခိုက်နေသော မြို့ဖြစ်သည်။

ဖောက်ခွဲ

ပြီးခဲ့သော တနင်္ဂနွေနေ့ကလည်း ဘဂ္ဂဒက်အနောက်မြောက်ဘက် ကီလိုမီတာ ၃၆ အကွာရှိ မိုဆူးလ်မြို့၏ တောင်ဘက်တွင် အမေရိကန် စစ်ယာဉ်တန်းတစ်စီးအား လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

၂၀၀၃ခုနှစ် မတ်လ၌ အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်ကို ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစပြီး စက်တင်ဘာ ၂ရက် ကြာသပတေးနေ့ရောက်ချိန်၌ အီရတ်တွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၇၆ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ



အီရတ်သတင်းအကျဉ်း

* ဘဂ္ဂဒက်မြို့အနီးတွင် ချာလာဘီ၏ ယာဉ်တန်း တိုက်ခိုက်ခြင်းခံရ။
* ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွား။
* အီရတ်ကြားဖြတ်အစိုးရ ညီလာခံဖွင့်ပွဲ ကျင်းပရာနေရာအနီး ပေါက်ကွဲမှု ဖြစ်ပွား။
* ဘဂ္ဂဒက်မြို့အနီး ကာရာဒက်အရပ်တွင် ဗုံးပေါက်ကွဲ။
* စစ်ပွဲ မဆင်နွှဲမီက အီရတ်တို့က ကြိုဆိုကြမည်ဟုထင်ခဲ့သော အမေရိကန် တပ်ဖွဲ့များ အမှန်တကယ် ရင်ဆိုင်ရသည်မှာ ပြင်းထန်သော ခုခံတိုက်ခိုက်မှုများသာဖြစ်။
* အမေရိကန်ရေတပ် ကွန်မန်ဒိုလေးဦး အီရတ်အကျဉ်းသားများအား နှိပ်စက်မှုဖြင့် တရားစွဲဆိုခံရ။

အီရတ်၌ ပြန်ပေးဆွဲခံထားရသော ကင်ညာသုံးဦး ပြန်လည်လွတ်မြောက်လာကြောင်း ကင်ညာအစိုးရအတည်ပြု

နိုင်ရိုဘီ စက်တင်ဘာ ၂

အီရတ်နိုင်ငံတွင် လွန်ခဲ့သော တစ်လကျော်က ပြန်ပေးဆွဲခံခဲ့ရသော ကင်ညာနိုင်ငံသားသုံးဦး ပြန်လွတ်လာပြီး ကင်ညာနိုင်ငံသို့ မကြာမီပြန်လာတော့မည်ဖြစ်ကြောင်း ကင်ညာအစိုးရက ဗုဒ္ဓဟူးနေ့တွင် အတည်ပြုပြောကြားသည်။

အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံခဲ့ရသော ကျွန်ုပ်တို့ ညီအစ်ကိုများအား ပြန်လွှတ်လိုက်သည်ဆိုသည့် အံ့သြဖွယ်သတင်းအား ယနေ့ ကျွန်ုပ်တို့ ရရှိခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက နိုင်ရိုဘီတွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၎င်းတို့၏အလုပ်ရှင် ကူဝိတ်ကုမ္ပဏီက ပြန်ပေးသမားများအား အမေရိကန်ဒေါ်လာ သန်းတစ်ဝက် ပေးလိုက်ပြီးသည့်နောက် ပြန်ပေးဆွဲခံရသော ကင်ညာနိုင်ငံသားများနှင့်အတူ အီဂျစ်တစ်ဦးနှင့် အိန္ဒိယလူမျိုးသုံးဦးအား ပြန်ပေးသမားတို့က ပြန်လွှတ်ပေးခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ကင်ညာအစိုးရ အနေဖြင့် ဘာမျှမပေးလိုက်ရကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ပျက်စီး

ကယ်ကွတ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို စက်တင်ဘာ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စစ်ပွဲမဆင်နွှဲမီက အီရတ်တို့ကကြိုဆိုကြမည်ဟုထင်ခဲ့သော ကန်တပ်ဖွဲ့များ အမှန်တကယ်ရင်ဆိုင်ရသည်မှာ ပြင်းထန်သောခုခံတိုက်ခိုက်မှုများသာဖြစ်

ဝါရှင်တန် စက်တင်ဘာ ၃

အီရတ်နိုင်ငံကို စစ်ပွဲမဆင်နွှဲမီက အမေရိကန်တပ်ဖွဲ့များကို ကြိုဆိုကြလိမ့်မည်ဟု ထင်ကြသော်လည်း အမှန်တကယ် ရင်ဆိုင်ရသည်မှာ ပြင်းထန်သော လက်နက်ကိုင်ခုခံမှုများနှင့်သာ ဖြစ်သည်။

သမ္မတဘုရှ်၏ မူဝါဒကိုဝေဖန်သူများက အီရတ်စစ်ပွဲအကြို တွက်ချက်မှုများ မှားယွင်းကြောင်းထောက်ပြကြပြီး လက်နက်ကိုင်ခုခံမှုများနှင့် ရင်ဆိုင်ရခြင်းကလည်း သမ္မတဘုရှ်အတွက် အခက်တွေ့စေခဲ့သည်။ အီရတ်ပြည်တွင်းက တိုက်ခိုက်မှုဒဏ်ကိုသာမက အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ၏ ၅၁၁မျက်နှာပါအစီရင်ခံစာတွင်လည်း အီရတ်၌ရှိသည်ဆိုကြသည့် အစွမ်းထက်လက်နက်များမရှိကြောင်းကို ဖော်ထုတ်ပြခဲ့သည်။

လှုပ်ရှားခြင်းမရှိ

အမေရိကန်စုံစမ်းထောက်လှမ်းရေး အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် စီအိုင်အေ၏ ထောက်လှမ်းရေးအရာရှိများကိုယ်တိုင် အီရတ်၌ လှုပ်ရှားခြင်းမရှိဘဲ အာမက်ချာလာဘီကဲ့သို့ ပြည်ပြေးများ၏ပြောကြားချက်ကိုသာယုံကြည်ကာ အီရတ်လက်နက်များအကြောင်းကို ချဲ့ကားခန့်မှန်းခဲ့ကြကြောင်း သိရှိရသည်။

စစ်ဆင်နွှဲခဲ့

ဥရောပနိုင်ငံအချို့ကလည်း သမ္မတဘုရှ်သည် အီရတ်၌ အဖျက်လက်နက်များ ရှိ၊ မရှိဆိုသည်ကို ဂရုမပြုဘဲ ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချလို၍သာ စစ်ဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း ပြောကြားနေကြသည်။ ထို့ကြောင့် အမေရိကန်တို့အနေဖြင့် အီရတ်လုံခြုံရေးကိုတာဝန်ယူသင့်ပြီး ကြားဖြတ်အစိုးရထံ အာဏာ လွှဲပြောင်းပေးပြီးသော်လည်း အမေရိကန်တပ်ဖွဲ့ ထောင်ပေါင်းများစွာသည် အီရတ်၌ တပ်စွဲထားရဆဲ ဖြစ်သည်။ **(စီအင်န်အင်န်)**

အမေရိကန်ရေတပ်မှတပ်ဖွဲ့ဝင်လေးဦး အီရတ်အကျဉ်းသားများအား နှိပ်စက်မှုဖြင့်တရားစွဲခံရ

ဝါရှင်တန် စက်တင်ဘာ ၄

သေနတ်ဒင်ဖြင့် ဦးခေါင်းကိုအရိုက်ခံရပြီး ယမန်နှစ်က သေဆုံးခဲ့သော အကျဉ်းသားတစ်ဦးအပါအဝင် အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုဖြင့် အမေရိကန်ရေတပ် လက်ရွေးစင် ကွန်မန်ဒိုတပ်ဖွဲ့ဝင်လေးဦးအား တရားစွဲဆိုထားကြောင်း အမေရိကန်ရေတပ်က သောကြာနေ့၌ကြေညာသည်။

ဖော်ပြ

လက်ရွေးစင် ကွန်မန်ဒိုလေးဦးအား စွဲဆိုချက်များတွင် တိုက်ခိုက်မှု၊အကျဉ်းသားများအား ညှဉ်းပန်းမှု၊ အကျဉ်းသားများ နှိပ်စက်မှုကို အစီရင်မခံမှု၊ စစ်ဆေးသူများအား မှားယွင်းသော ထုတ်ပြန်ချက်များပေးမှုတို့ ပါဝင်ကြောင်း ရေတပ်ကြေညာချက်၌ ဖော်ပြထားသည်။

ဆက်စပ်မှု

ရေတပ်အရာရှိများ ပြောဆိုချက်အရ ၂၀၀၃ခုနှစ် နိုဝင်ဘာလ၌ အဖမ်းခံခဲ့ရသော အီရတ်လူမျိုး မာနာဒယ်လ်အယ်လ်ဂျာမာဒီ သေဆုံးမှုနှင့် စွပ်စွဲချက် အချို့ဆက်စပ်မှုရှိကြောင်း သိရသည်။

ရေတပ်လက်ရွေးစင် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များသည် ထိုအီရတ်လူမျိုးအား အဘူဂါရိပ် အကျဉ်းစခန်းသို့ မပို့မီ ဦးခေါင်းကို သေနတ်ဒင်ဖြင့် ရိုက်ကြောင်း စစ်ဆေးသူများက တွေ့ရှိခဲ့ရသည်။ ထိုသို့အရိုက်ခံရမှုကြောင့် ထိုလူနောက်ပိုင်း၌ သေဆုံးခဲ့သည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့အနီး ကာရာဒက်အရပ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် စက်တင်ဘာ ၄

ဘဂ္ဂဒက်မြို့အနီး ကာရာဒက်အရပ်တွင် စနေနေ့က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အီရတ်တစ်ဦးသေဆုံးပြီး အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပစ်မှတ်ထား

အဆိုပါ ဗုံးပေါက်ကွဲမှုမှာ အမေရိကန် ကင်းလှည့်တပ်ဖွဲ့ဝင်များကို အဓိကပစ်မှတ်ထားပြီး ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်တစ်စီး ပျက်စီးသွားခဲ့သည်။

(အင်တာနက်)

ဆေးကုသမှုခံယူ

ဘဂ္ဂဒက်မြို့အနီးတွင် ချာလာဘီ၏ ယာဉ်တန်းအား အီရတ်ပြောက်ကျားများက တိုက်ခိုက်ရာတွင် ဒဏ်ရာရရှိခဲ့သော ချာလာဘီ၏ သက်တော်စောင့်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ ခုနှစ်ထက် နောက်မကျဘဲ ဦးစားပေးကဏ္ဍ ၁၀ ခု အခွန်လျှော့ခွင့်ပြုရန် အရှေ့တောင်အာရှနိုင်ငံများအသင်း စီးပွားရေးဝန်ကြီးများ သဘောတူညီ

ဂျကာတာ စက်တင်ဘာ ၄

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ စီးပွားရေးဝန်ကြီးများသည် ၂၀၀၇ ခုနှစ်ထက်နောက်မကျဘဲ ဦးစားပေးကဏ္ဍ ၁၁ ခု အနက် ၁၀ ခုကို အခွန်လျှော့ခွင့်ပြုရန် ဂျကာတာ၌ သောကြာနေ့က သဘောတူလိုက်ကြသည်။

ယင်းကဏ္ဍ ၁၀ ခုတွင် ကား၊ အထည်အလိပ်၊ လျှပ်စစ်၊ ပြန်ကြားရေးနည်းပညာ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ရော်ဘာအခြေခံ ထုတ်ကုန်များ၊ သစ်အခြေခံထုတ်ကုန်များ၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းတို့ ပါဝင်ကြသည်။

ဂျကာတာ၌ပြုလုပ်သော သုံးရက်ကြာ အစည်းအဝေးအတွက် စုစည်းရောက်ရှိခဲ့ကြသော ဝန်ကြီးများသည် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ထိပ်သီးအစည်းအဝေးကျင်းပစဉ် အာဆီယံခေါင်းဆောင်များ ထောက်ခံမည့် ကဏ္ဍ ၁၀ ခု အကောက်ခွန်လျှော့ပေါ့ခွင့်ကို အဆိုပြုခဲ့ကြကြောင်း အင်ဒိုနီးရှား စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး ရီနီဆိုဝမ်ဒီက သတင်းစာရှင်းပွဲ၌ ပြောကြားသည်။

မိမိတို့ ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပြီး မိမိတို့ကြုံနေရသော ပြဿနာများအားလုံးကို ကြိုးစားဖြေရှင်းခဲ့ကြောင်း၊ ရလဒ်ကောင်း အချို့ရရှိခဲ့ပြီး ဗီယင်ကျန်း၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ဆွေးနွေးမည့်အကြောင်းအရာများ တင်သွင်းထားပြီးဖြစ်ကြောင်း အစည်းအဝေးသဘာပတိ ရီနီက ပြောကြားသည်။

ဦးစားပေးကဏ္ဍများအတွက် အကောက်ခွန်လျှော့ခွင့်သည် မူလ အာဆီယံဝင် ခြောက်နိုင်ငံဖြစ်ကြသော စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းတို့ကို ၂၀၀၇ ခုနှစ်၌ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပြီး အဖွဲ့ဝင်သစ် လေးနိုင်ငံဖြစ်သော လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာတို့က ၂၀၁၂ ခုနှစ်၌ အကျိုးသက်ရောက်မှုရှိမည် ဖြစ်သည်ဟု ရီနီက ပြောကြားသည်။

အကောက်ခွန်လျှော့ခွင့်လုပ်ငန်းများတွင် ဘုံအကျိုးသက်ရောက်မှုရှိသော ဦးစားပေး အကောက်ခွန်နှုန်းထားအောက်၌ သွင်းကုန်ခွန်များ လျှော့ချ ခြင်း၊ စည်းကမ်းတကျထိန်းချုပ်သော လုပ်ထုံးလုပ်နည်းများနှင့် တူမျှသော ထုတ်ကုန်စံနှုန်း သတ်မှတ်ကျင့်သုံးခြင်းတို့ ပါဝင်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျကာတာ၌ ကျင်းပသော အာဆီယံ စီးပွားရေးနှင့် ကုန်သွယ်ရေး ဝန်ကြီးများအစည်းအဝေး အပြီးတွင် တက်ရောက်လာသော ဝန်ကြီးများ အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ (ဓာတ်ပုံ- အင်တာနက်)

မြန်မာ့အလင်း အာဆီယံသတင်းကောက်နုတ်ချက်

ဂျကာတာ စက်တင်ဘာ ၄

- အရှေ့တောင်အာရှနိုင်ငံများအသင်း စီးပွားရေးဝန်ကြီးများ ၂၀၀၇ ထက်နောက်မကျဘဲ ဦးစားပေးကဏ္ဍ ၁၀ ခုဖြစ်သည့် ကား၊ အထည်အလိပ်၊ လျှပ်စစ်၊ ပြန်ကြားရေးနည်းပညာ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ရော်ဘာအခြေခံထုတ်ကုန်များ၊ သစ်အခြေခံထုတ်ကုန်များ၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းတို့ပါဝင်သည့် လုပ်ငန်းများ အခွန်လျှော့ပေါ့ရေး သဘောတူ၊
- အာဆီယံအနေဖြင့် အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်ကဲ့သို့ အဓိကကုန်သွယ်ဖက်များနှင့် အာဆီယံ၏ကုန်သွယ်ရေးနှင့် စီးပွားရေးဆက်ဆံမှုများကို ဆက်လက်တိုးတက်အောင် လုပ်ဆောင်ရမည်၊
- ၂၀၀၃ ခုနှစ် အောက်တိုဘာလ၌ကျင်းပခဲ့သည့် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက အရှေ့တောင်အာရှနိုင်ငံများအသင်းကို ၂၀၂၀ ပြည့်နှစ်၌ ယင်း၏အဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ဖြင့် အာဆီယံ အသိုက်အဝန်းသို့ ပြောင်းလဲရန် သဘောတူခဲ့ကြ၊
- အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ ကုန်သွယ်ရေးဝန်ကြီးများက ဒေသဆိုင်ရာ ကုန်သွယ်မှုတိုးမြှင့်ရေးအထောက်အကူပြုရာတွင် မူလစည်းမျဉ်းဥပဒေများအပေါ် ပြင်ဆင်ထားသော သဘောတူချက်ကို ထောက်ခံခဲ့ကြ။

မူလစည်းမျဉ်းဥပဒေအပေါ် ပြင်ဆင်ထားသော သဘောတူညီချက် အာဆီယံကုန်သွယ်ရေးဝန်ကြီးများ ထောက်ခံ

ဂျကာတာ စက်တင်ဘာ ၄

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)၏ ကုန်သွယ်ရေးဝန်ကြီးများသည် ဒေသဆိုင်ရာ ကုန်သွယ်မှုတိုးမြှင့်ရေး အထောက်အကူပြုရာတွင် မူလစည်းမျဉ်းဥပဒေများအပေါ် ပြင်ဆင်ထားသော သဘောတူချက်ကို ထောက်ခံကြကြောင်း ဒေသထုတ်သတင်းစာက သောကြာနေ့၌ ဖော်ပြလိုက်သည်။

မူလစည်းမျဉ်းဥပဒေများတွင် အာဆီယံနိုင်ငံတစ်ခု၌ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို ဒေသအတွင်း အခြားနိုင်ငံများသို့ တင်ပို့သည့်အခါ နည်းပါးသော အကောက်ခွန်နှုန်းထားကို ခံစားစေနိုင်ရန်အတွက် ပြည်တွင်း၊ သို့မဟုတ် အာဆီယံကုန်ကြမ်းပစ္စည်း၊ သို့မဟုတ် တစ်စိတ်တစ်ဒေသပါဝင်မှု အနိမ့်ဆုံး ၄၀ ရာခိုင်နှုန်းရှိရမည်ဆိုသော စည်းကမ်းသတ်မှတ်ချက် ပါဝင်ခဲ့ကြောင်း ဂျကာတာပို့စ်က ရေးသားခဲ့သည်။

အစိတ်အပိုင်းဖြစ်

ယင်းသည် တင်သွင်းခွန်နှုန်းထားကို သုညနှင့် ၅ ရာခိုင်နှုန်းကြား ဖြတ်တောက်ထားသည့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ(အက်ဖ်တာ) အောက်ရှိ စည်းမျဉ်းဥပဒေများ၏ အစိတ်အပိုင်းဖြစ်သည်။

မူလစည်းမျဉ်းဥပဒေပြင်ဆင်ချက်သည် ပြည်တွင်းကုန်ကြမ်း၊ သို့မဟုတ် အစိတ်အပိုင်းပါဝင်မှုလိုအပ်ချက်ကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ချဖြတ်တောက်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆယ်စုနှစ်အတွင်းတရုတ်၌ အလုပ်အကိုင်အခွင့်အလမ်း သန်း၈၀ကျော်ဖန်တီးပေးခဲ့

ပေကျင်း စက်တင်ဘာ ၄

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အလုပ်အကိုင် အခွင့်အလမ်း သန်း ၈၀ ကျော် ဖန်တီးပေးခဲ့ကြောင်း အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီး ကျန်စီလင်းက ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

၁၉၉၈ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ အလုပ်မှ ထုတ်ပယ်ထားသော အလုပ်သမား သုံးသန်းကျော်သည် အလုပ်အကိုင်သစ်များ ရရှိခဲ့ကြကြောင်း ဝန်ကြီးက ပြောကြားသည်။

တိုးချဲ့ခဲ့သော အလုပ်အကိုင် အခွင့်အလမ်းသစ်များသည် စီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြုသဘောဆောင်သော အလုပ်အကိုင်များမှ ရရှိလာသော အကျိုးရလဒ်များဖြစ်ကြောင်း၊ ဖြည်းဖြည်းနှင့်မှန်မှန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အလုပ်အကိုင်အခွင့်အလမ်း အများအပြားကို ပေးကြောင်း၊ အလုပ်အကိုင်ရရှိမှုနှုန်း မြင့်မားမှုကို အားပေးသော မူဝါဒများက အပြုသဘော အကျိုးသက်ရောက်ခဲ့ကြောင်း စူးစမ်းလေ့လာသူများက သတိပြုမိခဲ့ကြသည်။

လွန်ခဲ့သည့် တစ်နှစ်ခွဲကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်း၁၄သန်း ကျော်ပေါ်ပေါက်ခဲ့ရာထို့ အရင်တူညီသော ကာလအတွင်းကထက် နှစ်သန်းကျော် တိုးလာခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

တစ်ကမ္ဘာလုံးအကျုံးဝင်သောစီးပွားရေးတံခါး အာဆီယံ ဖွင့်မြဲ ဖွင့်ထားရမည် အဓိကကုန်သွယ်ဖက်များနှင့် ကုန်သွယ်ရေးနှင့်စီးပွားရေးတိုးတက်အောင်လုပ်ရမည်

ဂျကာတာ စက်တင်ဘာ ၄

အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံသည် တစ်ကမ္ဘာလုံးအကျုံးဝင်သောစီးပွားရေးကို တံခါးဖွင့်မြဲ ဖွင့်ထားရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီက ဂျကာတာ၌ သောကြာနေ့က ပြောကြားသည်။

စီးပွားရေး ပေါင်းစည်းခြင်းကို အခြားတစ်ဖက်၌ ပြင်ပကမ္ဘာအား တည်ဆောက်ခြင်း တံခါးပိတ်ထားသော ဘုံပြည်တွင်း အင်အားစုတစ်ရပ် မျှလောက်သာ ဖြစ်သည်ဟု သဘောမပေါက်သင့်ကြောင်း (၃၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ၌ သမ္မတက မှတ်ချက်ပြု ပြောကြားသည်။

တံခါးဖွင့်

ဆန့်ကျင်ဘက်အားဖြင့် အာဆီယံသည် တစ်ကမ္ဘာလုံးအကျုံးဝင်သော စီးပွားရေးကို တံခါးဖွင့်ပေးမြဲ ဖွင့်ထားရမည်ဖြစ်ကြောင်း သမ္မတမယ်ဂါဝတီက ပြောဆိုသည်။ အာဆီယံအနေဖြင့် အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်ကဲ့သို့ အဓိကကုန်သွယ်ဖက်များနှင့် အာဆီယံ၏ကုန်သွယ်ရေးနှင့်စီးပွားရေး ဆက်ဆံမှုများကို ဆက်လက်တိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်းလည်း သမ္မတက ပြောကြားသည်။

ထောက်ခံ

ထို့ပြင် သမ္မတက အာဆီယံအတွင်း ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်ချဲ့ရန်နှင့် ကုန်ထုတ်ကိရိယာ ပစ္စည်းနှင့် ထုတ်ကုန်များ၏ ဈေးချိုသော အရင်းအမြစ်များကို အသုံးပြုနိုင်ရန် အရေးကြီးသော ကမ္ဘာ့စီးပွားရေး လုပ်ဆောင်ကြသူများက ရည်ရွယ်ချက်ထားသည့်အတွက် ၎င်းတို့နှင့် အပြီးသတ် ဈေးစပ်ချုပ်ဆိုခဲ့သော လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူချက်အား မိမိထောက်ခံကြောင်း မယ်ဂါဝတီက အတိအလင်း ပြောဆိုသည်။

၂၀၀၃ခုနှစ် အောက်တိုဘာလ၌ ကျင်းပခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များက အရှေ့တောင် အာရှအသင်းကို ၂၀၂၀ ပြည့်နှစ်၌ ယင်း၏ အဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်သော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့ဖြင့် အာဆီယံ အသိုက်အဝန်းသို့ ပြောင်းလဲရန် သဘောတူခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

စည်းဝေး

(၃၆)ကြိမ်မြောက် အရှေ့တောင်အာရှ စီးပွားရေးဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲကို ဂျကာတာမြို့၌ စက်တင်ဘာ ၃ ရက်က ကျင်းပရာ အင်ဒိုနီးရှားသမ္မတ မယ်ဂါဝတီဆိုကာနိုပူထရီ(ယာ)အား အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၃)နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ ပြိုင်ပွဲဝင် အငြိမ့်ကပြမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ပခုက္ကူလေဆိပ်ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်း၊ အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးသိန်းတန်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တိုးချဲ့ထား

ထို့နောက် ဖွင့်ပွဲအစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ ယခင်က တည်ရှိခဲ့သော ပခုက္ကူလေယာဉ်ကွင်းမှာ အလျားပေ ၃၆၀၀ ရှိသည့် မြေသားလေယာဉ်ပြေးလမ်း အမျိုးအစားဖြစ်ကြောင်း၊ ယင်းလေယာဉ်ကွင်းဟောင်း ပတ်ဝန်းကျင်၌ လူနေအိမ်ခြေများ တိုးချဲ့လာသည့်အပြင် ကျေးရွာများနှင့် မလွတ်ကင်းတော့သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လေယာဉ်ကွင်းဟောင်းကို အဆင့်မြှင့် တိုးချဲ့ခြင်းမပြုလုပ်တော့ဘဲ လေယာဉ်ပြေးလမ်းအသစ် တည်ဆောက်နိုင်မည့် မြေနေရာကို ရှာဖွေခဲ့ပြီး ယခုကဲ့သို့ လေယာဉ်ပြေးလမ်းအသစ်နှင့်လေဆိပ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သော ပခုက္ကူလေဆိပ်သည် သေသပ်လှပသည့် လေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်တို့ဖြင့် ခေတ်မီခံ့ညားထည်ဝါနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ လေယာဉ်ပြေးလမ်းသည်လည်း အလျားပေ ၈၅၀၀ ရှိသည့် နိုင်လွန်ကတ္တရာခင်း လေယာဉ်ပြေးလမ်းကြီးဖြစ်သဖြင့် ဖော်ကာအက်ဖ်-၂၈ ဂျက်လေယာဉ်ကြီးများ လွယ်လင့်တကူ ဆင်းသက်နိုင်မှာဖြစ်ကြောင်း၊ ဆက်လက်၍လည်း လေယာဉ်ပြေးလမ်းကို အလျားပေ ၁၀၀၀၀ အထိ တိုးချဲ့မည်ဆိုလျှင် တိုးချဲ့ဆောင်ရွက်သွားနိုင်အောင် စီမံထားပြီးဖြစ်ကြောင်း။

လေကြောင်းလိုင်းပြန်ဖွင့်

ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ တည်ရှိသည့် ပခုက္ကူဒေသသည် ချင်းပြည်နယ်တောင်ပိုင်း၏ ထွက်ပေါက်ဖြစ်သကဲ့သို့ ချင်းပြည်နယ်တောင်ပိုင်းနှင့် မကွေးတိုင်းအနောက်ဘက်ခြမ်းများ၏ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသောအခြေခံဒေသကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပခုက္ကူဒေသကို ဧရာဝတီမြစ်အနောက်ဘက်ကမ်း မြို့တော်တစ်ခုဖြစ်အောင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသကြီး တစ်ခုအဖြစ်သတ်မှတ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားထည့်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များ၊ အဆင့်မြင့်ဆေးရုံများ ထူထောင်ခဲ့သကဲ့သို့ ဒေသတွင်း ရထားလမ်း၊ ကားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ် ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း၊ ဟားခါး-ဂန့်ဂေါကားလမ်းများကြောင့် ယနေ့ ဒေသခံပြည်သူများ သွားရေးလာရေး များစွာလွယ်ကူနေပြီဖြစ်ကြောင်း၊ ထို့အပြင် နှစ်ပေါင်းကြာမြင့်စွာ လေကြောင်း အဆက်အသွယ်ပြတ်နေသော ပခုက္ကူမြို့သည် ယနေ့ဆိုလျှင် လေကြောင်းလိုင်း ပြန်ပွင့်သွားပြီဖြစ်ကြောင်း။

လေယာဉ်ကွင်း၂၄ ကွင်းရှိ

မကွေးတိုင်းအတွင်း၌ ယခင်က အပေါ့စားလေယာဉ်ငယ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများသာရှိခဲ့ရာမှ လေယာဉ်ကြီးများ ဆင်းသက်နိုင်အောင် အသစ်တည်ဆောက်ခဲ့သည့် မကွေးလေယာဉ်ကွင်း၊ ကျောက်ထုလေယာဉ်ကွင်းနှင့် ပခုက္ကူလေယာဉ်ကွင်းများ ဖြစ်ပေါ်တိုးတက်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်း၌ လေယာဉ်ကွင်းပေါင်း ၃၂ ကွင်းရှိသည့်အနက် ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သော လေယာဉ်ကွင်းပေါင်းမှာ ဤပခုက္ကူလေယာဉ်ကွင်း အပါအဝင် ၂၄ ကွင်း အထိ ရှိလာပြီဖြစ်ကြောင်း။

နိုင်ငံတော်စေတနာနားလည်

မကြာခင်ကာလကလည်း ကျောက်ထုလေယာဉ်ကွင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခု ပခုက္ကူလေယာဉ်ကွင်းကို နိုင်ငံတော်က ငွေကျပ်သန်းပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်ဖွင့်လှစ်ပေးလိုက်ပြီ ဖြစ်သည့်အတွက် ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်စပ်ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်၏ မွန်မြတ်သော စေတနာကို နားလည်သဘောပေါက်နိုင်ကြမှာ ဖြစ်ကြောင်း။

ပခုက္ကူခရိုင် ပါဝင်နေသည့် မကွေးတိုင်းသည် နယ်မြေ အကျယ်အဝန်း အရရော စီးပွားရေးအင်အားအရပါ အရေးပါသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်၏ ဒေသအားလုံး ကွက်လပ်မကျန် ဘက်စုံ၊ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်အောင် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို အခြေချ ဖန်တီးတည်ဆောက် ပေးနေသည့်အပြင် တစ်ဖက်တွင်လည်း စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

ယင်းမူဝါဒလမ်းစဉ်များသည် နိုင်ငံတော်၏ ဖြစ်ပေါ်နေသည့် ပကတိနိုင်ငံရေးအခြေအနေများနှင့် ညီညွတ်မျှတစွာ ဆက်စပ်ထားသည့်ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ ကိုယ်ပိုင်လမ်းကြောင်းမှန်ပင် ဖြစ်ကြောင်း။

ယင်းမူဝါဒလမ်းစဉ်များအောင်မြင်ရေးအတွက် နိုင်ငံတော်တစ်ဝန်း၌ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးနေရန်လိုအပ်ကြောင်း၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းနေမှလည်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်လာနိုင်သကဲ့သို့ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်လာမှလည်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို ပိုမိုအထောက်အကူပြုမှာဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ စီးပွားဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးမြင့်မားတိုးတက်ရေးတို့ကို အလေးထားလုပ်ဆောင်သွားကြရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပခုက္ကူလေဆိပ်ကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဆောက်လုပ်ရေးကုမ္ပဏီနှင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြသည့် ဝန်ကြီးဌာနများ၊ ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးကို ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပခုက္ကူလေဆိပ်မှခ်ဦးကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် လေဆိပ်တည်ဆောက်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ပခုက္ကူလေဆိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပခုက္ကူလေဆိပ် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပခုက္ကူလေဆိပ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပခုက္ကူလေဆိပ် အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော ပခုက္ကူလေဆိပ်သည် ကတ္တရာကွန်ကရစ်အမျိုးအစားပြေးလမ်းဖြစ်ပြီး ပြေးလမ်းအထု ၂၇လက်မ၊အရှည်ပေ၈၅၀၀၊အကျယ်ပေ ၂၀၀ ရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် ပခုက္ကူလေဆိပ်ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဦးစီးအရာရှိများ၊ မန္တလေးတပ်နယ်မှ တပ်ရင်း၊တပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မှူးများ၊ မန္တလေးမြို့ ယဉ်ကျေးမှုတက္ကသိုလ်နှင့် အနုပညာဦးစီးဌာနတို့မှ အကဲဖြတ်ဒိုင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြော

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် တပ်မတော်သားများက ဂါရဝပြု တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အငြိမ့်ပြိုင်ပွဲကိုကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် တက်ရောက်လာကြသူများက အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ပြိုင်ပွဲဝင်အငြိမ့်ကပြမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ည ၉ နာရီတွင် ရုပ်သိမ်းလိုက်ပြီးနောက် ပြိုင်ပွဲများကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ မွန်မြတ်သော စေတနာ ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးထွက်ပေါ်လာ

ယခင်လေယာဉ်ကွင်း	ယခုလေယာဉ်ကွင်း
အလျားပေ ၃၆၀၀၊ မြေသားလမ်း	အလျားပေ ၇၅၀၀၊ နိုင်လွန်ကတ္တရာခင်းလမ်း
အပေါ့စားလေယာဉ်ငယ်ဆင်းနိုင်	အက်ဖ်-၂၈ ဂျက်လေယာဉ်ကြီးများဆင်းနိုင်

ပခုက္ကူလေဆိပ်ဖွင့်ပွဲအခမ်းအနား

စက်တင်ဘာ ၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အမွှေးနံ့သာရည်ပက်ဖျန်း

စက်တင်ဘာ ၅ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် ပခုက္ကူလေဆိပ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

လေဆိပ်ဆိုင်းဘုတ်ဖွင့်လှစ်

စက်တင်ဘာ ၅ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပခုက္ကူလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် ပခုက္ကူလေဆိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု ပိုမိုထင်ဟပ်ဖော်ကျူးနိုင်စေရေးအောင်ကြိုးပမ်းဆောင်ရွက်
မြန်မာ့ရုပ်သေးသဘင်သည် နိုင်ငံတကာက အံ့သြချီးကျူးရသောအဆင့်မြင့်ပညာတစ်ရပ်ဖြစ်

ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲတွင်အသုံးပြုမည့် နောက်ခံဒီဇိုင်း အဆိုပြုပုံစံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဆို၊ အက၊ အရေး၊ အတီး ပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှစ်စဉ်မပျက်ကျင်းပလာ

ရှေးဦးစွာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာလူမျိုးတို့နှစ်ပေါင်းထောင်ချီ၍ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်လာခဲ့သည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားရေး ဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ပိုမိုတိုးတက်မြင့်မားခိုင်ကျည်စေရမည်ဆိုသည့် မွန်မြတ်မြင့်မားသောရည်မှန်းချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ၁၂နှစ်တိုင် ပြည့်မြောက်တော့မည်ဖြစ်ကြောင်း။

ခိုင်ခိုင်မာမာဖြစ်ထွန်းနေ

ယဉ်ကျေးမှု အနုသုခုမပညာရပ်များဖြစ်သည့် အဆို၊အက၊အရေး၊အတီး ပညာရပ်များသည် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်း သယ်ဆောင်ထိန်းသိမ်း မြှင့်တင်ပေးရသည့် အစဉ်အလာရှိသည်နှင့်အညီ ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူငယ်လူရွယ်များ အပါအဝင် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ဆင်နွှဲသော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အောင်မြင်ဖြစ်ထွန်းလျက် ရှိနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့သော အစဉ်အလာကောင်းတစ်ရပ်ဖြစ်ထွန်းနေခြင်းကြောင့် အမျိုးသား ယဉ်ကျေးမှု၊ အမျိုးသားရိုးရာ အနုပညာရပ်များကို မြတ်နိုးထိန်းသိမ်းသော မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးခြင်းဆိုသည့် အမျိုးသားရေး လက္ခဏာဆောင်သော အခြေခံကောင်းတစ်ရပ် မိမိတို့နိုင်ငံ၌ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့်အတူ ပြိုင်ပွဲကြီးများကို နှစ်စဉ် အောင်မြင်စွာ ကျင်းပပေးခြင်းအားဖြင့် နိုင်ငံတော်၏ အနာဂတ်ကာလကို တာဝန်ယူသွားကြမည့် ယနေ့မျိုးဆက်သစ်လူငယ်များအတွက် ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ၊ ယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ၏ အဆင့်အတန်းမြင့်မားမှု၊ သိမ်မွေ့နက်ရှိုင်းမှု၊ အမျိုးသားရေးအနှစ်သာရဖြင့် ပြည့်ဝမှုတို့ကို သိမြင်ခံစားနိုင်စေခြင်းဖြင့် မိမိနိုင်ငံ မိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွားအားထားစိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးစောင့် တရားဖြစ်သည့် ဝံသာနုရက္ခိတ စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်စသည့် မွန်မြတ်သောစိတ်ဓာတ်များ ပိုမိုထက်သန် မြင့်မားခိုင်မာစွာ ဖြစ်ထွန်းလာစေမှာ အမှန်ပင်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

ယနေ့နိုင်ငံတကာမြင်ကွင်းကို ကြည့်လျှင် နိုင်ငံအချို့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများနောက်ကို အလောတကြီး လိုက်ပါရင်း မိမိတို့၏ ဘိုးဘေးဘီဘင်များလက်ထက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ၊ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ တဖြည်းဖြည်းချင်း တိမ်ကောပပျောက်လာသဖြင့် မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများပါ ယိုယွင်းပျောက်ကွယ်လာနေသည်ကို တွေ့ရသကဲ့သို့ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ တိမ်ကောပပျောက်ပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားထိခိုက်ပျက်ပြားကာ သူတစ်ပါး ဩဇာအာဏာအောက် ကျရောက်သွားမည်ကို စိုးရိမ်သဖြင့် မိမိတို့၏အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်နေကြသည့် နိုင်ငံများလည်းရှိကြောင်း။

ယင်းသို့ ကမ္ဘာ့နိုင်ငံအသီးသီးသည် Globalization ခေါ်သည့် ဆက်စပ်ဆက်နွှယ်ပြောင်းလဲဖြစ်ပေါ်မှုများကြောင့် အမျိုးသားရိုးရာ ယဉ်ကျေးမှုများ ယိုယွင်းပျောက်ကွယ်လုဖြစ်နေသည့်အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်အတန်းမြင့်မားလှသည့် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားရေးတန်ဖိုးများကို ယနေ့ထက်တိုင် မပျောက်မပျက် မယိုမယွင်းထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကြိုးပမ်းစွမ်းဆောင်မှုများ၏ အကျိုးရလဒ်ကောင်းများကြောင့်ဖြစ်သည်မှာ ထင်ရှားနေပြီ ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ရုပ်သေးပညာရှင် ဦးရဲဒွေးက အာရုရာမာယဏဇာတ်တော်ကြီးနှင့် ပတ်သက်သည့် မှတ်တမ်းစာအုပ်နှင့် ဂန္ထဝင်ဂီတနှင့်ပတ်သက်သည့် ဗီဒီယိုအခွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပညာပေးစည်းရုံး

သို့ရာတွင် နိုင်ငံတကာ၌ ဓနအင်အားနှင့် နည်းပညာအရ အသာစီးရရှိနေသည့် အနောက်နိုင်ငံကြီးအချို့က ၎င်းတို့၏ဓလေ့စရိုက်များကို စီးပွားရေးနှင့် ယဉ်ကျေးမှုတံခါးပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သွတ်သွင်းထိုးဖောက်လွှမ်းမိုးနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ ပြည်ထောင်စုမြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးကြိုးပမ်းဆောင်ရွက်မှုများကို မပြတ်သောအမျိုးသားရေးသတိဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ဦးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မျိုးချစ် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး စိတ်ဓာတ်တို့ကို နိုင်ငံရေးအမြင်အရသော်လည်းကောင်း၊ စီးပွားရေးအရသော် လည်းကောင်း၊ ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေကြသည့် အနောက်နိုင်ငံကြီးများ၊

ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များပိုမိုဖြစ်ထွန်းလာ

- ❑ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးခြင်းဆိုသည့် အမျိုးသားရေးလက္ခဏာဆောင်သော အခြေခံကောင်းတစ်ရပ် မိမိတို့နိုင်ငံ၌ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေ၊
- ❑ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်စသည့် မွန်မြတ်သော စိတ်ဓာတ်များ ပိုမိုထက်သန်မြင့်မားခိုင်မာစွာ ဖြစ်ထွန်းလာစေမှာ အမှန်ပင်ဖြစ်၊
- ❑ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ၊ အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေးတန်ဖိုးများကို ယနေ့ထက်တိုင် မပျောက်မပျက်၊ မယိုမယွင်း ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများအပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကြိုးပမ်းစွမ်းဆောင်မှုများ၏ အကျိုးရလဒ်ကောင်းများကြောင့်ဖြစ်၊
- ❑ မသမာသူအဖျက်သမားများနှင့် ဝိသမလောဘစီးပွားရေးသမားများက ခေတ်ရေစီးကြောင်းတွင် သတိလက်လွတ်မျောပါလိုသော လူငယ်အစိတ်အပိုင်းအချို့ကို မလျော်မကန် သွေးဆောင်ဖြားယောင်းပြီး တလွဲအသုံးချနေ၊
- ❑ အချို့သော လူငယ်အစိတ်အပိုင်းအချို့တွင် ရိုးရာယဉ်ကျေးမှုကိုလျစ်လျူရှုလိုသည့် သဘောထားများ ဖြစ်ပေါ်နေသည်ကိုတွေ့ရ။

အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားရေးတန်ဖိုးများ ယနေ့ထက်တိုင် မပျောက်မပျက်ထိန်းသိမ်းနိုင်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးစွမ်းဆောင်မှု၏ အကျိုးရလဒ်ကောင်းများဖြစ်

မသမာသူအဖျက်သမားများနှင့် ဝိသမလောဘ စီးပွားရေးသမားများက ခေတ် ရေစီးကြောင်းတွင် သတိလက်လွတ် မျောပါလိုသော လူငယ်အစိတ်အပိုင်းအချို့ကို မလျော်မကန် သွေးဆောင်ဖြားယောင်းပြီး တလွဲအသုံးချနေမှုကြောင့် အချို့သော လူငယ်အစိတ်အပိုင်းအချို့တွင် ရိုးရာယဉ်ကျေးမှုကို လျစ်လျူရှုလိုသည့် သဘောထားများဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယင်းသို့သော သဘောထားများ တိုးပွားမလာစေရေးအောင် လူငယ်လူရွယ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ပညာပေးစည်းရုံးသွားကြရန် အထူးလိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှုအရှိန်အဟုန်ဖြင့် ရရှိဖြစ်ထွန်းနေသည့် အကျိုးရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ပေးနိုင်စေရေးအောင် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရှင်ကြီးများက အဘက်ဘက်က မလျော့သော ဇွဲလုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားလိုကြောင်း။

ယခုဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်ဖြစ်ထွန်းရေးအတွက်လည်း ဦးစီးကော်မတီနှင့် ကော်မတီအဆင့်ဆင့်အနေဖြင့် ယခင်အတွေ့အကြုံများအပေါ်မူတည်ပြီး ကြိုတင် စီမံဆောင်ရွက်ထားကြပြီးဖြစ်သည်ကိုတွေ့ရကြောင်း၊ ယခုနှစ် ဇာတ်သဘင်ပြိုင်ပွဲအနေဖြင့် ရာမာယဏဇာတ်တော်ကြီးကို ကပြယှဉ်ပြိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ရာမာယဏဇာတ်တော်ကြီး ကပြယှဉ်ပြိုင်မှုများအနေဖြင့် ယခုနှစ်သည် စတုတ္ထအကြိမ် ယှဉ်ပြိုင်ခြင်းဖြစ်ရာ ယခင်နှစ်များထက် ပိုမိုအဆင့်အတန်းမြင့်မားစွာ ကပြယှဉ်ပြိုင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်ကြောင်း၊ ရာမာယဏဇာတ်တော်ကြီးသည် ရှေးယခင်အခါက ရက်ပေါင်းများစွာ တင်ဆက်ကပြရသော ဇာတ်လမ်း ဇာတ်အိမ်ကြီးမားကျယ်ပြန့်လှသည့် မြန်မာ့ဂန္ထဝင်ဇာတ်တော်ကြီးဖြစ်သည့်အတွက် မိမိတို့၏ပြိုင်ပွဲကြီးတွင် ရာမာယဏဇာတ်တော်ကြီး၏ ဇာတ်ဝင်ခန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံလာအောင် အစဉ်အဆက် ကပြလာခဲ့ကြသော ဇာတ်ဝင်ခန်းများ ပျောက်ပျက်မသွားစေရေးအတွက် သင့်လျော်လျောက်ပတ်သည့် ဇာတ်ဝင်ခန်းများ အခါအားလျော်စွာ ထည့်သွင်းကပြနိုင်စေရအောင် စီစဉ်ဆောင်ရွက်ထားသည်ကို တွေ့ရကြောင်း၊ ယင်းသို့စီစဉ်ဆောင်ရွက်ထားခြင်းသည် အထူးသင့်လျော်ပြီး ရာမာယဏဇာတ်တော်ကြီးကို ရှေးမူမပျက်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ထားကြောင်း။

ထင်ရှားပေါ်လွင်စေ

ရုပ်သေးသဘင်ပြိုင်ပွဲတွင်လည်း မဟော်သဓာဇာတ်တော်ကြီးကို ကပြယှဉ်ပြိုင်ရန် စီစဉ်ထားပြီးဖြစ်ရာ မြန်မာလူမျိုးတို့၏ ဉာဏ်ပညာကြီးမားခဲ့ထည်မှု၊ အမှန်တရားကိုမြတ်နိုးမှု၊ တရားမျှတမှုကိုလိုလားမှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုဂုဏ်ရည်တို့ကို ထင်ရှားပေါ်လွင်စေရအောင် ရုပ်သေးသဘင်၏ သမားစဉ်များနှင့်အညီ တင်ဆက်ကပြသွားကြမည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

အလားတူပင် အဆို ပြိုင်ပွဲ၊ အက ပြိုင်ပွဲ၊ အတီး ပြိုင်ပွဲများတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များ၏ အဆင့်အတန်းမြင့်မားမှု၊ သိမ်မွေ့နက်နဲခက်ခဲမှု၊ အမျိုးသားရေးမူဟန် သီးသီးသန့်သန့် ဖြစ်ထွန်းနေမှုတို့ ပေါ်လွင်ထင်ရှားစေရအောင် ကြိုးပမ်းယှဉ်ပြိုင်ကြခြင်းအားဖြင့် ယခင်နှစ်များကထက် ပိုမိုအဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲများဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

ဦးဆောင်ဦးရွက်ပြု

သို့ဖြစ်၍ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မွန်မြတ်မြင့်မားသော မျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး၊ အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာ၊ အရည်အသွေးမြင့်မားစွာဖြင့် ယှဉ်ပြိုင်တင်ဆက်နိုင်စေရေးနှင့် ရရှိ ဖြစ်ထွန်းနေပြီးဖြစ်သော ပြိုင်ပွဲကြီး၏ အကျိုးရလဒ်ကောင်းများ၊ အခြေခံ ကောင်းများ ဆက်လက်တည်တံ့ခိုင်မြဲစေရေးတို့အတွက် ပညာရှင်ကြီးများနှင့် တာဝန်ရှိသူများအားလုံးက စနစ်တကျ ဦးဆောင်ဦးရွက်ပြု စီမံဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဧကာဒသမအကြိမ်(၁၁ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့သည့်အခြေအနေ၊ ပြိုင်ပွဲအတွေ့အကြုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပမည့်ရက်၊ ပြိုင်ပွဲများ ကျင်းပမည့်နေရာ၊ ပြိုင်ပွဲအဆင့်သတ်မှတ်ချက်၊ ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာရပ်များသတ်မှတ်ရေး၊ ရုပ်သေးပြိုင်ပွဲ၌ ပညာရှင်အဆင့်တွင် ကပြယှဉ်ပြိုင်မည့် ဇာတ်တော်ကြီးရွေးချယ်ရေး၊ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရာမာယဏ ဇာတ်တော်ကြီး ယှဉ်ပြိုင်ခွင့်ပြုရေး၊ ဆုချီးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့် အဆို၊ အက၊ အရေး၊ အတီး ပညာရှင်ကြီးများက မိမိတို့သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ပညာရှင်ကြီးများနှင့် တာဝန်ရှိသူများ၏ဆွေးနွေးတင်ပြချက်များမှာ အလွန်ပင်ကောင်းမွန်ကြောင်း၊ ယင်းညှိနှိုင်းဆွေးနွေးချက်များအပေါ် အခြေခံလျက် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းအောင် ကျင်းပသွားနိုင်မည်ဟု ယုံကြည်ပြီး ဖြစ်ကြောင်း။

မြန်မာရာမာယဏဇာတ်တော်ကြီးမှာ ကကြိုးကကွက် ဟန်ပန်အမူအရာ လှုပ်ရှားမှုများကအစ ဇာတ်ကောင်စရိုက်ကို ထိမိစွာဖော်ကျူးတင်ပြနိုင်သော အဆင့်မြင့်ဇာတ်တော်ကြီးဖြစ်သည့်အပြင် ဇာတ်လမ်းဇာတ်အိမ် ထည်ဝါခိုင်ခံ့လှသည့်အတွက် နိုင်ငံတကာကပင် အသိအမှတ်ပြု ချီးကျူးကြရကြောင်း။

ယခုကဲ့သို့ အမျိုးသားအဆင့် ပြိုင်ပွဲကြီးများတွင် ပြန်လည်ဖော်ထုတ်ယှဉ် ပြိုင်ရာ၌ ရာမာယဏဇာတ်တော်ကြီး၏ အဆင့်အတန်းမြင့်မားမှုကို ထင်ရှားပေါ်လွင်အောင် ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ရှေးဟောင်းပစ္စည်းငွေထည်များ လွှဲပြောင်းပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှရရှိသော ရှေးဟောင်းပစ္စည်းငွေထည်များကို ပစ္စည်းအပ်နှံသူ ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်း နဂါးတွင်းရပ်ကွက်နေ မသန်းထွေးကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံ ဒွါဒသမ အကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် မြန်မာနိုင်ငံ ဂီတ အစည်းအရုံး၏ အလှူငွေကျပ် ၁၀ သိန်းကို ဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော် က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြိုးပမ်းယှဉ်ပြိုင်

မြန်မာ့ရုပ်သေးသဘင်သည်လည်း နိုင်ငံတကာက အံ့သြချီးကျူးရသည့် အဆင့်မြင့်ပညာရပ်ဖြစ်ကြောင်း၊ ယခင်ကာလက ရုပ်သေးသဘင် တိမ်ကောပပျောက်လုဖြစ်နေခဲ့ရာက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် မြန်မာ့ရုပ်သေးသဘင် ပြန်လည်ထွန်းတောက်လာခဲ့ပြီဖြစ်ရာ ပိုမိုထွန်းတောက်ဝင့်ကြွားနိုင်စေရအောင် ကြိုးပမ်းယှဉ်ပြိုင်နိုင်ကြဖို့ စီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များထက်ပိုမို၍ အရည်အသွေးမြင့်မားစွာ ကျင်းပနိုင်စေရအောင် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပိုမို၍ ထင်ဟပ်ဖော်ကျူးနိုင်စေရအောင် ပညာရှင်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်လှူဒါန်း

အစည်းအဝေးအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ အလှူငွေကျပ် ၁၀သိန်းကို ဥက္ကဋ္ဌ အကော်ဒီယံဦးအုန်းကျော်က ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရုပ်သေးပညာရှင် ဦးရဲဒွေးက အာရှ ရာမာယဏဇာတ်တော်ကြီးနှင့် ပတ်သက်သည့် မှတ်တမ်းစာအုပ်နှင့် ဂန္ထဝင်ဂီတနှင့်ပတ်သက်သည့် ဗီဒီယိုအခွေများကို ပေးအပ်သည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှရရှိသော ရှေးဟောင်းပစ္စည်းငွေထည်များကို ပစ္စည်းအပ်နှံသူ ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်း နဂါးတွင်းရပ်ကွက်နေ မသန်းထွေးကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှ ရရှိသော ရှေးဟောင်းပစ္စည်းငွေထည်များမှာ ဘုရင်နှင့်မိဖုရားပုံပါသော ခါးပတ်ခေါင်းတစ်ခု၊ ဝိရူရဇာတ်တွင် ပုဏ္ဏကဘီလူး မြင်းစီးနေဟန် ခါးပတ်ခေါင်းတစ်ခု၊ ငွေလက်ကြပ် (မြေစိမ်းခေါင်းပုံ) လေးခု၊ ဖလားစုံကွမ်းအစ်တွင် အသုံးပြုသော ဖလားငယ်သုံးလုံးတို့ဖြစ်ပြီး ၂၀၀၃ခုနှစ်တွင်ပုခန်းကြီး မြို့ဟောင်း တောင်မင်းကျောင်းအနောက်ရပ် မောင်သိန်းဇော် အိမ်ဝိုင်းတွင်းမှ သစ်ဆိမ့်ပင်စိုက်ပျိုးရန် မြေကျင်းတူးရာမှ ရရှိခြင်းဖြစ်ကြောင်းသိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစည်းအဝေးခန်းမအတွင်း၌ ခင်းကျင်းပြသထားသော ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အသုံးပြုမည့် နောက်ခံဒီဇိုင်း အဆိုပြုပုံစံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှ ရရှိသည့် ဘုရင်နှင့် မိဖုရားပုံပါသော ခါးပတ်ခေါင်းတစ်ခု၊ ဝိရူရဇာတ်တွင် ပုဏ္ဏကဘီလူး မြင်းစီးနေဟန် ခါးပတ်ခေါင်းတစ်ခု၊ ငွေလက်ကြပ် (မြေစိမ်းခေါင်းပုံ) လေးခု၊ ဖလားစုံကွမ်းအစ်တွင် အသုံးပြုသော ဖလားငယ်သုံးလုံး ငွေထည်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အသည်းနှလုံးထဲမှ ထွက်လာပါသည်

၂၀၀၃ခုနှစ် စက်တင်ဘာလထုတ် ပညာရေးသတင်းလွှာ အတွဲ(၆)၊ အမှတ်(၉)တွင် ဆရာကြီး ဦးသန်းထွတ် ပညာရေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း)၏ ဆောင်းပါးတစ်ပုဒ်ကို ဖတ်ရှုရသည်။ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခါသမယတွင် ရုပ်မြင်သံကြားအစီအစဉ်မှ **'ဘယ်သူပြိုင်လို့လုပါတော့နိုင်'** ရုပ်ရှင်ဇာတ်ကားကို ပြန်လည်ထုတ်လွှင့်ပြသတိုင်း ဆရာသည် စိတ်ပါဝင်စားစွာ ကြည့်ရှုမိကြောင်း၊ ထိုအခါ ဖြတ်ကျော်ခဲ့သောကာလများက ဦးဆောင်ခဲ့သူ ပညာရှင်များနှင့်အတူ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သည့် 'အ'သုံးလုံး လှုပ်ရှားမှုများကို အောက်မေ့ သတိရမိကြောင်း ဆိုပါသည်။ **"'အ'သုံးလုံးအလွမ်း"** ဟူသော ဆောင်းပါး၏အမည်က ဆရာ့ခံစားချက်ကို ဖော်ကျူးနေသည်။

ဆရာသည် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ဂုဏ်ထူးဆောင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်ပြီး စာကိုလည်း တွင်တွင်ရေးနေကာ ကျွန်တော်တို့လို စာတပည့်၊ ပညာတပည့်တိုင်းကို သွန်သင်နေဆဲ ဖြစ်သည်။

စာမတတ်သူများကို စေတနာရှင် လုပ်အားပေးဆရာများက သင်ကြားပေး၍ စာတတ်လာကြပြီးနောက် စာဖတ်ရှိန်မြင့်တင်နိုင်ရန် သက်ကြီးစာပဒေသာ ပြုစုရေးဆပ်ကော်မတီ အတွင်းရေးမှူး တာဝန်ကိုလည်း ဆောင်ရွက်ခဲ့ရသော ဆရာသည် အကြောင်းအရာစုံ၊ ပန်းချီလက်ရာစုံ စာအုပ်များကို သိန်းနှင့်ချီ၍ ပုံနှိပ်ထုတ်ဝေရန် လုံးပန်းခဲ့ရသည်များကို ပြန်ပြောင်းဖော်ပြပြီး မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားမှုကို **'ဘယ်သူပြိုင်လို့ လုပါတော့နိုင်'** ရုပ်ရှင်ဇာတ်ကားက အနုပညာရသမြောက်စွာ သဘာဝကျကျ ပုံဖော်နိုင်ခဲ့သည်ဟု ဆိုသည်။ **မြို့ကြီးပြကြီး၊ တက္ကသိုလ်ကြီးများတွင် ပညာသင်ကြားနေသော လူငယ်တို့သည် ကုန်းတစ်တန်၊ ရေတစ်တန် ခရီးတို့ဖြင့် ကျေးလက်တောရွာများသို့ ရောက်ရှိခဲ့ကြသည်။ သူတို့တစ်တွေ သင်ကြားပေးမှုဖြင့် ရပ်လုံးရွာလုံးသည် 'ဝ၊ ထ၊ က၊ လ၊ သ' အသံများဖြင့် မိုးယံထိအောင် ပျံ့လွင့်ခဲ့ကြသည်။ ကျေးလက်တောရွာ မိဘပြည်သူတို့ထံတွင် အတူနေ အတူစားရင်းဖြင့် ပြည်သူ့ဘဝ လေ့လာမိကြကာ ရိုင်းပင်းကူညီမှုများလည်း သူတို့ထံမှ ပေါ်ထွက်လာခဲ့သဖြင့် ပြည်သူ့ဘဝလေ့လာရေး ဟူသော ဒုတိယတာဝန်လည်း ကျေခဲ့ကြသည်။** ဆရာရေးပြသည်ကိုဖတ်ပြီး နယ်ချဲ့ကြောင့် ကိုလိုနီဆိုးမွေ ဖြစ်သော ပြည်သူအတွင်း စာမတတ်မှုကို ရှေးဦးစမ်းသပ်စည်းရုံး ဆောင်ရွက်သည့် ကာလမှစ၍ အမျိုးသားရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် အောင်ပွဲအဆင့်ဆင့် ရယူနိုင်ခဲ့သော မြန်မာ့စာတတ်မြောက်ရေးလုပ်ငန်း ကြိုးပမ်းမှုများကို သတိရမိသည်။

ဆရာက"ပညာတတ်မြောက်ခြင်းသည် မိမိကိုယ်ကိုသာ အကျိုးပြုရမည် မဟုတ်။ တတ်သည့်ပညာဖြင့် တိုင်းရင်းသားပြည်သူများကို စေတနာရှေ့ထား၍ ရိုးသားစွာ အလုပ်အကျွေးပြုနိုင်ရေးတွင် 'အ'သုံးလုံးလှုပ်ရှားမှုက ပညာပေးလိုက်နိုင်သည်ဟု ဆိုချင်ပါကြောင်း"သူ့ဆောင်းပါးကို နိဂုံးချုပ်သည်။

စာသင်ချိန်

ညမှာထိန်လင်း၊ လပြည့်ဝန်းလို့
ရေးမယ်ဆိုက၊ 'ဝ'ခေါ်သတဲ့ ဦးကြီးရဲ့။
'ဝ'ကိုနှစ်လုံး၊ ပူးလျက်သုံးက
'ထ'ခေါ်သဗျ အဒေါ်ရ။
'ထ'ကို အောက်ဖျက်၊ အသံထွက်ကို
'က'ဆိုသတဲ့ ဦးကြီးရဲ့။
'ထ'စာလုံးကို၊ ဘယ်မှာအောက်ဖျက်
ညာထက်ဖျက်က၊ 'လ'ခေါ်သဗျ အဒေါ်ရ။
'ထ'စာလုံးရေး၊ ဘယ်မှာဘေးဖွင့်
ညာထက်ပွင့်ကို၊ 'သ'ခေါ်သတဲ့ ဦးကြီးရဲ့။
ဦးဦးအဒေါ်၊ အခေါ်အဝေါ်၊ မလွဲချော်အောင်
အော်ဟစ်ခါခါ၊ ဆိုကြပါဗျ၊
ဝ ထ က လ သ။ ။

(ပုပ္ပား ကန်ကုန်းရွာ၊ 'အ'သုံးလုံးကျေစခန်းသို့ အမှတ်တရ)

သိန်းထွန်း
မကန-ကောလိပ်

'စာသင်ချိန်' အမည်ရှိ ဤကဗျာသည် စာတတ်မြောက်ရေးလုပ်အားပေး ကျောင်းသားကျောင်းသူများ၏ရင်တွင်းမှခံစား ထွက်ပေါ်လာသော အသံများကို စာပေမှတ်တမ်းပြုပေးခဲ့သည့် ပထမဦးဆုံးထုတ် 'ပဲ့တင်သံ' မဂ္ဂဇင်း ၁၉၇၁ စာမျက်နှာ ၁၉၃ တွင် ရွေးချယ်ပုံနှိပ်ဖော်ပြခံရသော ကဗျာတစ်ပုဒ်ဖြစ်သည်။ ဤကဗျာသည် ရုပ်ရှင်ဇာတ်ကားကြီးထွက်ပေါ်လာသောအခါ အလွန် မြူးထူးတက်ကြွရသည့် မြန်မာသံဇာတ်ဝင်သီချင်း ဖြစ်လာသည်ကို ကြည့်ဖူး ကြားဖူးသူတိုင်း ခံစားမိကြမည်အမှန်ဖြစ်သည်။ 'အရေး X အဖတ် X အတွက် ပညာ X အမြဲပဲ ဒို့လေ့လာ'ဟူသော သံပြိုင်ပိုဒ်က ဂီတအနုပညာ ဖန်တီး ဖြည့်စွက်မှု ဖြစ်သည်။

ထိုဇာတ်ကားသည် ၁၉၇၃ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ဇာတ်ကားဆု၊ ဒါရိုက်တာဆုနှင့် ဇာတ်ပို့ဆုဟူ၍ အကယ်ဒမီသုံးဆု ရွေးချယ်ချီးမြှင့်ခံရသည်။ ဆရာကြီးဦးသုခသည် ထိုဇာတ်ကားထုပ်ကို ပြည်သူလူထုအတွင်း အဖိုးအခဖြင့်မဟုတ်ဘဲပြသနိုင်ရန်ပညာရေးဌာနသို့လည်းလှူဒါန်းခဲ့သည်။

ညီစိုး(ပညာ)

နိုင်ငံတော်က 'လူမှုထူးချွန်ပထမဆင့်'၊ 'မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့'၊ 'ဂုဏ်ထူးဆောင်ဒီလစ်ဘွဲ့'များ ချီးမြှင့်အပ်နှင်းခြင်းခံရသူ ဆရာကြီး ဦးသုခသည် အရွယ်အားဖြင့် အသက်ကိုးဆယ်ကျော်ခဲ့ပါပြီ။

ရုပ်ရှင်ဇာတ်ကားကြီးပေါင်း သုံးဆယ်ကျော်ရိုက်ကူးခဲ့ရာတွင် ကျောက်ပန်းတောင်းသို့ မီးရထားဖြင့်လူလေးဆယ်ခန့်တင်ဆောင်ခေါ်သွားပြီး ထို **'ဘယ်သူပြိုင်လို့လုပါတော့နိုင်'** ဇာတ်ကားကို ရိုက်ကူးခဲ့ရခြင်းသည် အပျော်ရွှင်ဆုံးပဲဟု ဆရာကြီးက ပြောပြခဲ့သည်။

ဤစကားများမှာ တွေ့ဆုံခန်း၌ ဆရာကြီးဦးသုခ ပြောခဲ့သော စကားများဖြစ်သည်။ ဆရာကြီးသည် ငယ်ငယ်ကတည်းက ဖြစ်ချင်ခဲ့သော ကျောင်းဆရာ၊ ဆေးဆရာ၊ စာရေးဆရာ အလုပ်အားလုံးသည် ပိုက်ဆံရဖို့ အလုပ်များ မဟုတ်ကြဟုဆိုသည်။ ရုပ်ရှင်ထဲ၌ တက္ကသိုလ်ကျောင်းသားများ ရွာဦးဘုန်းတော်ကြီးကျောင်းသို့သွားကာ ဆရာတော်အား ကန်တော့ကြခန်းကိုလည်း ထည့်သွင်းရိုက်ကူးခဲ့ကြောင်း ပြောပြသည်။ ကျေးလက်ပြည်သူများ၏ စေတနာထားပုံကို လုပ်အားပေးဆရာ ဆရာမတို့အတွက် တစ်အိမ်ဟင်းတစ်ခွက် ကမ်းလာကြပုံ၌ ကလေးကို ခါးစောင်းတင်၍ ဟင်းလာပို့ပုံ၊ ငါးကလေးတစ်ကောင်ရလာသဖြင့် ချက်ပြီးလာပို့ပုံတို့ သည် အမှန်ပင် ခံစားနှစ်သက်စရာဖြစ်ကြရသည်။ ဇာတ်အဆုံးတွင် ဆံပင်က ဆံရှည်၊ ပါးတွင် ပါးကွက်ကျား၊ ဘောင်းဘီ၊ ဂီတာတကားကားဖြင့်ရှိခဲ့သော အံ့ဖွယ်(ဇော်ဝမ်း)သည် မြန်မာ့ကျေးလက်မှ သမီးပျိုလေးက ယဉ်ကျေးသိမ်မွေ့စွာ ပြုပြင်ပေးလိုက်နိုင်သဖြင့် မြန်မာမှုကို မြတ်နိုးသွားခဲ့သည်။ စာသင်ရမှာ ရှက်ကြောက်နေသူကိုလည်း သိမ်းသွင်းသင်ကြားလိုက်နိုင်သဖြင့် ချစ်စရာ(အံ့ကျော်)သည် စာဖတ်လာခဲ့သည်။ ကျေးရူးတွေတင်လွန်းသဖြင့် သူတတ်နိုင်သမျှနှင့် ဆရာမလေးတို့ကို လက်ဆောင်ပေးချင်လှသည့် ချစ်စရာသည် လှည်းနောက်သို့ ထန်းလျက်တောင်းထမ်းကာ အပြေးလိုက်စဉ်နှင့် ဆရာမလေး၏ အပြောတို့သည် ရုပ်ရှင်ဇာတ်ကားကို ကြည့်ရသည့်အခါတိုင်း ထိထိရှရှ ခံစားရသည်။

စင်စစ် ကျွန်တော်တို့ နှစ်ခြိုက်လှသော **'ဘယ်သူပြိုင်လို့ လုပါတော့နိုင်'** ရုပ်ရှင်ဇာတ်ကားသည် မြန်မာနိုင်ငံ၏ ကိုလိုနီအမွေဆိုးကို ဖယ်ရှားနိုင်သည့် စာတတ်မြောက်ရေး လုပ်ငန်းအောင်မြင်မှုကို ထုထည်ပမာဏကြီးမားစွာ အနုပညာပုံရိပ် ထင်ဟပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ဆရာကြီး ဦးသုခက သူ့တစ်သက်တွင် ဝင်ငွေကောင်းသည့်ကားများ မရိုက်ခဲ့ဘဲ စွဲစွဲမြဲမြဲဖြစ်ခဲ့ရသည့် ရုပ်ရှင်ကားအချို့တွင် **'ဘယ်သူပြိုင်လို့ လုပါတော့နိုင်'**ရုပ်ရှင်ကား ပါဝင်သည်ဟု ဆရာကြီးဦးသန်းဦးကို ပြောပြခဲ့သည်။

ဤသို့ ဘာကြောင့် စွဲမြဲရကြောင်းကိုလဲ ဆရာကြီးပြောခဲ့သည့်စကားမှာ "ဘာဖြစ်လို့လဲ၊ အသည်းနှလုံးထဲက ထွက်လာတာကိုး"ဟု ဆိုပါသည်။

မျက်မှောက်ခေတ်တွင် နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ဖြင့် မြို့ပြများနည်းတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းချမှတ် ဖော်ဆောင်ပေးလျက်ရှိသည်။ အဆိုပါ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ကျေးလက် ပညာရည်မြင့်မားရေးလည်း ပါဝင်သည်။ ယခုအခါ မြန်မာတစ်နိုင်ငံလုံး၏ စာတတ်မြောက်မှုနှုန်းသည်

မြို့ကြီး ပြကြီး၊ တက္ကသိုလ်ကြီး များတွင် ပညာသင်ကြားနေသော လူငယ်တို့သည် ကုန်း တစ်တန်၊ ရေ တစ်တန် ခရီးတို့ဖြင့် ကျေးလက် တောရွာများသို့ ရောက်ရှိခဲ့ကြသည်။ သူတို့တစ်တွေ သင်ကြားပေးမှုဖြင့် ရပ်လုံးရွာလုံးသည် 'ဝ၊ ထ၊ က၊ လ၊ သ' အသံများဖြင့် မိုးယံထိအောင် ပျံ့လွင့်ခဲ့ကြသည်။ ကျေးလက်တောရွာ မိဘပြည်သူတို့ထံတွင် အတူနေ အတူစားရင်းဖြင့် ပြည်သူ့ဘဝ လေ့လာမိကြကာ ရိုင်းပင်းကူညီမှုများလည်း သူတို့ထံမှ ပေါ်ထွက်လာခဲ့သဖြင့် ပြည်သူ့ဘဝလေ့လာရေး ဟူသော ဒုတိယတာဝန်လည်း ကျေခဲ့ကြသည်။

ဆရာကြီးဦးသုခနှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦးတို့ တွေ့ဆုံခန်းကိုလည်း မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ပညာရေးရုပ်မြင်သံကြားအဖွဲ့က မှတ်တမ်းတင် ရိုက်ကူးထားခဲ့သေးသည်။

"ကျွန်တော်ကိုယ်တိုင် ကျောင်းဆရာစိတ်ပါတယ်လေ။ အဲဒီတော့ တောနယ်မှာ ပညာတတ်ဖို့ သိပ်လိုလားတယ်"

"ဘယ်သူပြိုင်လို့ လုပါတော့နိုင်ဆိုတာ လုပ်အားရဲ့အလှပေါ့။ ရွာကလူတွေရဲ့ စေတနာ၊ ကျောင်းသူကျောင်းသားလေးတွေရဲ့ စေတနာနဲ့ လုပ်ရတာပါ"

"ဒါကို ကျွန်တော့်အနေနဲ့ ပညာပါရမီဖြည့်တာပဲ"

၉၃ ဒသမ ၃ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ပြီဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး စာတတ်မြောက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရာတွင် အောက်ပါဇာတ်ဝင်သီချင်းအတိုင်း ကြိုးပမ်းလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဘယ်သူပြိုင်လို့ လုပါတော့နိုင် ဇာတ်ဝင်ဇာတ်သိမ်းသီချင်းမှာ-

ရွာတွေ x ရွာတွေ x စာပေတတ်အောင် xx
ကောင်းမြတ်သော မနသီ x နောင်နှစ်ကိုလည်း လာဦးမည် xx
ရှေ့နှစ်ကိုလည်း x လာဦးမည်
ကျန်းမာကြပါစီ x ချမ်းသာကြပါစီ xx

ပေးအပ်လှူဒါန်း

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း ၁၀မိုင် လေဆိပ်လမ်းသွယ် ခြံအမှတ်(၁၁)နေ ဒေါ်ခင်ကြည်နှင့် သားသမီး၊ မြေးတစ်စုက ကွယ်လွန်သူ အငြိမ်းစား တိုင်းပညာဝန် ဦးကဲ အား (လေးနှစ်) မြောက်ရည်စူး၍ သုံးထပ်ဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ဆုချီးမြှင့်

ပန်းဘဲတန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဩဂုတ်၂၈ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်က ပဥ္စမတန်းအောင် ပထမဆုရ မပိုးအိကြည်သူဆန်းအား ဆုချီးမြှင့်စဉ်။
(က-ပ)

6-9 (10).p65 1 03-25-1905, 9:07 AM

ရန်ကင်းမြို့နယ်နှင့် လမ်းမတော်မြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၅

တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မဟာဇောဓိစာသင်တိုက်၌ ကျင်းပသည်။

ရန်ကင်းမြို့နယ်

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မိကာရာမကျိုက်ပိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဂုဏောသနအမှူးပြုသော ရန်ကင်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှဆရာတော်၊ သံဃာတော်များ၊သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ငွေသိန်း၊ တပ်ထိန်းချုပ်ဗိုလ်ချုပ်စောလှ၊ အမှတ်(၂) စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက် ကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်တို့က ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများက သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆရာတော်ကြီးထံ လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ တို့ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ်တစ်သိန်းတစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်းသုံးထောင်၊ မြန်မာပြည်သားဟော့ KNကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ဦးအောင်မြတ် (Mother Trading Co.,Ltd.)က ငွေကျပ်သုံးသိန်း၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီအရောင်းဆိုင် ဦးကျော်နိုင်ဦးက ငွေကျပ်သုံးသိန်း၊ သမားတော်ကြီးဦးဘိုကြီး–သီရိသုခမ္မသိင်္ဂီ ဒေါ်သန်းသန်းက ငွေကျပ်နှစ်သိန်း၊ "ရွှေ"ကားပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးရွှေလှိုင်–ဒေါ်ခင်ကျော့ မိသားစုက ငွေကျပ် ၂၈သိန်း၊ ဒေါ်မြကြည်၊ သမီး မခိုင်ကြည်စန်း တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းက ငွေကျပ် ၂၅သိန်း၊ ဒေါ်မမကြိုင်မိသားစု အမှတ် (၅၀/င) နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ်က ငွေကျပ်သိန်း၂၀၊ ရွှေတိဂုံ ရေကြည်တော်ဝတ်အသင်း ဥက္ကဋ္ဌ ဦးတင်လတ်က ငွေကျပ် သိန်း၂၀၊ ဦးရဲမြင့်–ဒေါ်အေးပို မိသားစု ဘောက်ထော် ရန်ကင်းက ငွေကျပ် ၁၀သိန်း၊ သမ္မတသက်န်းတိုက် ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေက ငွေကျပ် တစ်သိန်းနှစ်သောင်း၊ စန္ဒီ ပရဆေး မိသားစုကငွေကျပ်တစ်သိန်းငါးသောင်းနှင့် ကျပ်ကိုးဆယ်၊ မင်းရတနာခရီးသည်ပို့ဆောင်ရေး ဦးတင်အောင်–ဒေါ်လှလှနွယ်က ငွေကျပ်တစ်သိန်းရှစ်ထောင်၊ BTBကုမ္ပဏီမှ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွန့်က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးသုတ–ဒေါ်ဝါဝါအောင်မိသားစု အမှတ် (၃၅) ခေမာသီလမ်း မိကျောင်းကန်အပိုင်း (၃) သဃ်န်းကျွန်းမြို့နယ်က ငွေကျပ် ငါးသိန်း၊ စက်မှု(၁)ဝန်ကြီးဌာနက ငွေကျပ် ၆၇၁၂၇၀၊ ဦးခင်မောင်လွင်–ဒေါ်မြင့်မြင့်မိုး တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်က ငွေကျပ်သုံးသိန်း၊ ဒေါက်တာဝင်းတင်–ဒေါက်တာခင်ပြုံးညွန့် စံပယ်ရုံလမ်း ပါရမီရိပ်သာက ငွေကျပ်နှစ်သိန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဦးဝင်းမြင့်က ငွေကျပ်နှစ်သိန်း၊ ဒေါ်လှတင်မိသားစု ဗိုလ်တထောင်မြို့နယ်က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးခင်မောင်စိန်–ဒေါ်ခင်ခင်စီ မိသားစု (၁၃)ရပ်ကွက် ရန်ကင်းမြို့ နယ်က ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဦးခင်မောင်ဝင်း–ဒေါ်သီတာထွန်းမိသားစု မရမ်းကုန်းမြို့နယ်၊ ဦးမောင်မောင်လတ်–ဒေါ်အေးအေးမြင့် မိသားစု မိုးကောင်းဘုရားလမ်း၊ ဦးမြင့်ဝေ–ဒေါ်နုနုကြည် ဘုရင့်နောင်၊ဦးကိုကိုဦး–ဒေါ်သီတာအေး ကျောက်မြောင်း၊ ဦးကျော်ဝင်း–ဒေါ်ခင်လေးကြည် မိသားစု အလုံမြို့နယ်၊ ဒေါ်ရီ ရီသန်း ဘောက်ထော် ရန်ကင်းမြို့နယ်၊ (ဦးခင်ကြည်)–ဒေါ်ပြုံးခင်ကြည် ဖန်ချက်စက်၊ ဒေါ်လေးလေး မိသားစု တောင်ဥက္ကလာပ မြို့နယ်၊ ဦးမောင်မောင်စန်း–ဒေါ်နီလာလှမြင့်လတ် တောင်ဥက္ကလာပမြို့နယ်၊ ဦးစိုးသိန်း–ဒေါ်ပြုံးပြုံးရီ၊ သမီး ယဉ်မေအေး မိသားစု ရန်ကင်းမြို့နယ်၊ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေး)၊ ဒေါက်တာဝင်းဇော် (Lizstar Enterprise Co., Ltd.)၊ ဒေါက်တာမိုးတင်၊ ဦးကိုကိုလတ်–ဒေါ်တင်တင်မေ (ကြည်သာရွှေဆိုင်)၊ ဦးခင်ဇော် (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးစိန်လှဝင်း (သီရိသုခမ္မ မဏိဇောတဓရ) စိန်နှင့်စန်းကုမ္ပဏီနှင့် မှန်ချိုဆေးတိုက်တို့က ငွေကျပ်တစ်သိန်းစီ၊ ဂရိတ်ဝေါ အကြောပြေလိမ်းဆေးက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဆန်းမြန်မာကုမ္ပဏီဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်က ငွေကျပ်ရှစ်သောင်း၊ ချမ်းမြေ့စတိုး မြောက်ဥက္ကလာပက ငွေကျပ် ငါးသောင်းလေးထောင်၊ ဦးပြေအောင်–ဒေါ်ယုယုလွင် (ပြေအောင် ဆောက်လုပ်ရေးလုပ်ငန်း)၊ ဦးအောင်ခင်–ဒေါ်စိန်စိန်(အောင်သံဇကာ)၊ ဦးအောင်ငွေး (အီးစီးစားသောက်ဆိုင်)၊ သမားတော်ကြီးဦးရွှေမြား၊ ဦးအောင်မြင့် (လူပုံတော်ပတ္တမြား)၊ ဒေါ်လှလှ လမ်းမတော်၊ ထက်လင်းဆေးတိုက်နှင့် ထွန်းရွှေဝါဆေးတိုက်တို့က ငွေကျပ် ငါးသောင်းစီ၊ ဦးအောင်ဇော်မြင့်–ဒေါက်တာမြတ်မြတ်အုန်းခင်မိသားစု ကငွေကျပ်သုံးသောင်း၊ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သောင်းငါးထောင်၊ ဦးအောင်သီဟ(ရတနာဒီပအပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုလီမိတက်)က ငွေကျပ်တစ်သောင်း၊ ဦးရန်ရှင်း–ဒေါ်မြသိန်း ဦးဝိစာရအိမ်ရာက ငွေကျပ်သုံးသောင်းနှင့် ကျန်အလှူရှင်များ၏ လှူဒါန်းငွေများအပါအဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၁၉၂၂၁၉၆၀ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီး ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ငွေသိန်း၊ တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှနှင့် တပ်မတော်အရာရှိကြီးများက လက်ခံယူကြသည်။

ဆက်လက်၍ ရန်ကင်းမြို့နယ် ပညာရေးမိသားစုဝတ်အဖွဲ့မှ အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြသည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ မဟာဇောဓိ

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက သာဓုအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အလှူတော်ငွေ

ယနေ့ ကျင်းပသော ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်းတို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၁၂အိတ်၊ ဆီ ၁၄၈ပိဿာနှင့် ၆၀ ကျပ်သား၊ ပဲ ၂၈၇အိတ်နှင့် နှစ်ပိဿာ၊ အိုင်အိုဒင်းဆား ၁၄၃၆ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၆၀၁၄ဘူး၊ သွားတိုက်ဆား ၂၈၇ဘူး၊ ပဒုမ္မာဆပ်ပြာတောင့် ၂၈၇၂တောင့်နှင့် ဆွမ်းပဒေသာပင်အတွက်အလှူတော်ငွေကျပ်၁၉၂၂၁၉၆၀ ဖြစ်သည်။

လမ်းမတော်မြို့နယ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၆၆ ကျောင်းသို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီခွဲတွင် သရက်တောကျောင်းတိုက်အတွင်းရှိ ပရိယတ္တိအလယ်တိုက် ကျောင်း၌ ကျင်းပသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဒုတိယဗိုလ်မှူးကြီးချန်မောင်တို့က တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများလှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာနမိသားစု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒလုပ်ငန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနမိသားစု၊ ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်၊ အိုကေဆန်ဆီရောင်းဝယ်ရေး၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစု၊ ဦးဝင်းသိန်း(ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)၊ ဦးရွှေမြ တိုင်းရင်းဆေးတိုက်၊ (ဦးအောင်မြင့်)–ဒေါ်ဖြူသီ လူပုံတော်ပတ္တမြားဆေးတိုက်၊ ထွန်းရွှေဝါ တိုင်းရင်းဆေးမိသားစု၊ ကေသီပန် တိုင်းရင်းဆေးမိသားစု၊ မှန်ချိုတိုင်းရင်းဆေးမိသားစု၊ ထက်လင်းတိုင်းရင်းဆေးမိသားစုနှင့် ဒေါက်တာဖေဉာဏ်မိသားစုတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် တိုင်းရင်းဆေးမျိုးစုံတို့ကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းတိုက်များအတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုက ငွေကျပ်တစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် လမ်းမတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ်တစ်သိန်း၊ ဦးတင်စိန်–ဒေါ်နန်းခမ်းတစ်(ပ်) (မြန်မာယူနီဗာဆယ်ဘဏ်)ကငွေကျပ် ၁၂သိန်း၊ လမ်းမတော်မြို့နယ် ပြည်သူများက ငွေကျပ်၄၉၄၆၀၀၊ ဦးဝင်းသိန်း (ဖွံ့ဖြိုးအောင်ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ မှန်ချိုတိုင်းရင်းဆေးတိုက်နှင့် ဂရိတ်ဝေါတိုင်းရင်းဆေးတိုက်တို့က ငွေကျပ် နှစ်သိန်းငါးသောင်း၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာစိုင်းစံထွန်း (လွယ်ဟိန်းကုမ္ပဏီ)ကငွေကျပ်နှစ်သိန်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက ငွေကျပ်၁၅၀၀၉၀၊ ဦးသိုင်းဝင်း–ဒေါ်ငွေငွေညွန့် BTB ကုမ္ပဏီက ငွေကျပ်တစ်သိန်းငါးသောင်း၊ ပြည်လုံးချမ်းသာဆေးတိုက် သမားတော်ကြီး ဦးဘိုကြီး–ဒေါ်သန်းသန်း မိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ သမ္မတသင်္ကန်းတိုက်ပိုင်ရှင် ဦးသန်းနိုင်–ဒေါ်ကြည်ကြည်ဆွေ မိသားစုက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေး ဦးတင်အောင်–ဒေါ်လှလှနွယ်မိသားစုက ငွေကျပ် တစ်သိန်းရှစ်ထောင်၊ ဦးချစ်အေးမိသားစု၊ မိခင်ကြီး ဒေါ်ခင်နွဲ့ရီအားအမှူးထား၍ ရွှေပုစွန်မိသားစု၊ ဦးတင်ဦး–ဒေါ်လှမြင့်(ရွှေစင်ရတနာရွှေဆိုင်)မိသားစု၊ Golden Flower ကုမ္ပဏီ၊ Asia Worldကုမ္ပဏီနှင့် ဒေါက်တာ ဒေါ်ခင်ခင်ရီ(ရှိုင်းဟုတ်ကုမ္ပဏီ)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

ယနေ့ကျင်းပသော လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၄၃ အိတ်၊ ဆီ ၆၅ပိဿာ၊ အိုင်အိုဒင်းဆား ၆၄၈ပိဿာ၊ ပဲ ၁၂၉ ပိဿာ၊ သွားတိုက်ဆားဘူး ၁၃၀၊ တိုင်းရင်းဆေးမျိုးစုံ ၄၆၇၆ဘူးနှင့် ဆွမ်းပဒေသာပင် ငွေကျပ် ၅၀၂၃၀၁၀ တို့ ဖြစ်သည်။

(သတင်းစဉ်)

ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက်တွင်ရှိ

ရန်ကုန် စက်တင်ဘာ ၅

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ၅စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ် ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

နာမည်ကြီး အင်္ဂလန်နှင့် ပြင်သစ်သရေပွဲများနှင့်ကြုံ ပေါ်တူဂီ၊ အီတလီ၊ ဘူဂေးရီးယားတို့နိုင်ပွဲများရရှိ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဥရောပဇုန် ခြေစစ်ပွဲများကို ဩဂုတ် ၄ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ နာမည်ကြီးအင်္ဂလန်အသင်းက ဩစတြီးယားနှင့် နှစ်ဂိုးစီသရေကျပြီး ခရိုအေးရှား၊ ရိုမေးနီးယား၊ အီတလီ၊ အယ်ဘေးနီးယား၊ အက်စတိုးနီးယား၊ ဘူဂေးရီးယား၊ ပိုလန်၊ အိုင်ယာလန်၊ ဖင်လန်၊ ပေါ်တူဂီ၊ ဆလိုဗေးနီးယား၊ ဆွစ်ဇာလန်အသင်းတို့ အနိုင်ရရှိကြပြီး နာမည်ကြီး ပြင်သစ်အသင်းလည်း အစ္စရေးနှင့် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။

အင်္ဂလန်အဖွင့်ဂိုးရရှိ

အင်္ဂလန်နှင့်ဩစတြီးယားအသင်းတို့ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ဩဂုတ် ၄ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်တို့က ဖွေဆော်ဦး နှစ်ဂိုးသွင်းထားနိုင်ခဲ့ပြီးမှ ဩစတြီးယားတို့က ချေပဂိုးများသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်တို့က ပွဲချိန်အတော်များများကို စိုးမိုးကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၄မိနစ်တွင် ဩစတြီးယားဂိုးဧရိယာအတွင်း ပြစ်ဒဏ်ဘောရရှိခဲ့ရာ ယင်းပြစ်ဒဏ်ဘောကို ဒေးဗစ်ဘက်ဟမ်းက ဘောလုံးကို ဖရန့်လမ်းပတ်ထံထိုးပေးလိုက်ရာ လမ်းပတ် ပိတ်သွင်းယူခဲ့သဖြင့် အင်္ဂလန်တို့ ပထမအဖွင့်ဂိုးစတင်ရရှိခဲ့သည်။

သရေပွဲဖြစ်

ပထမပိုင်းတွင် အင်္ဂလန်တို့က တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေပြီး ဒုတိယပိုင်း၌ အင်္ဂလန်တို့ ကစားကွက်စေ့စေ့ဖြင့် ထိုးဖောက်ကစားနိုင်ကာ ပွဲချိန် ၆၄မိနစ်တွင် စတီဗင်ဂျရတ်က တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုးအသာဖြင့်ကစားနေရာမှ ပွဲချိန် ၇၁မိနစ်တွင် ဩစတြီးယားမှ ရိုလန်ကိုးလ်မင်းက ချေပဂိုးပြန်သွင်းယူပြီး ၇၃မိနစ်တွင် ဩစတြီးယားမှ အင်ဒရက်အိုင်ဗင်ချစ်ဇ်က ဒုတိယချေပဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးစီသရေပွဲ ဖြစ်သွားပြီး တစ်မှတ်စီ ခွဲဝေယူခဲ့ကြရသည်။

ပေါ်တူဂီဂိုးစသွင်း

လတ်ဗီးယားနှင့် ပေါ်တူဂီတို့ ခြေစစ်ပွဲကို လတ်ဗီးယားနိုင်ငံ ရီဂါမြို့၌ ဩဂုတ်၄ရက်က ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပေါ်တူဂီအသင်းက လတ်ဗီးယားအသင်းကို ခြေအသာဖြင့် ကစားသွားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အကြိမ် အများအပြားလည်း ရရှိခဲ့သည်။ ပေါ်တူဂီအသင်းက တစ်ဖက်သတ် ဖိကစားနေရာမှ ပွဲချိန် ၅၈ မိနစ်တွင် ပေါ်တူဂီနောက်တန်း ခံစစ်မှူး အန်ဒရာဒီကတိုက်စစ်ကို လိုက်ပါအားဖြည့်ကစားရင်း လတ်ဗီးယားဂိုးဧရိယာအစပ်မှ အပြင်းကန်သွင်းသည့်ဘောလုံး လတ်ဗီးယား နောက်ခံလူများနှင့်ထိပြီး ပြန်ထွက်လာသည်ကို ပေါ်တူဂီတိုက်စစ်မှူး ရိုနယ်ဒိုက ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

ခေါင်းတိုက်သွင်း

ပထမဂိုးရရှိပြီးမကြာမီ ပွဲချိန်၅၉မိနစ်တွင် ရိုနယ်ဒိုဘောလုံးရရှိပြီး ဘောလုံးဆွဲယူလာကာ ဂိုးဧရိယာထဲသို့ ဖြတ်ပေးလိုက်သည့် ဘောလုံးကို ပေါ်တူဂီတိုက်စစ်မှူး ပေါ်လက်တာက အပိုင်ခေါင်းတိုက်သွင်းခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ချေပဂိုးပြန်လည်ရရှိရေး လတ်ဗီးယားတို့ တန်ပြန်တိုက်စစ်ဆင်ကစားသော်လည်း ပေါ်တူဂီနောက်တန်းကို မကျော်နိုင်မှုကြောင့် ရှုံးခဲ့ရခြင်းဖြစ်ပြီး ပေါ်တူဂီတို့ သုံးမှတ်အပြည့်ရရှိသွားသည်။

ဒိန်းမတ်နှင့်ယူကရိန်း

ဒိန်းမတ်နှင့် ယူကရိန်းတို့ ပွဲကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပရာ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည်။ ဒိန်းမတ်အသင်းကစားပုံကောင်းမွန်သော်လည်း အဆုံးသတ်ဂိုးသွင်းမှုအားနည်းသဖြင့်တစ်ဂိုးသာ သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၁၀မိနစ်တွင် ညာဘက်ခြမ်းမှ ဂရွန်ဂျာ ဖြတ်တင်ပေးလိုက်သည့်ဘောလုံးကို ဂျော်ဂျစ်ဆင်က အပိုင်သွင်းယူခဲ့သဖြင့် ဂိုးစတင်ရရှိခဲ့ပြီး နောက်ထပ်ဂိုးရရှိရေး ကြိုးစားသော်လည်း ယူကရိန်းတို့ဖြတ်တောက်ဟန့်တားမှုများကြောင့် ဂိုးမရရှိခဲ့ပေ။ ယူကရိန်းအတွက် ပွဲချိန်၅၆ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ကူဆင်က ခေါင်းတိုက်ကာ ချေပဂိုး သွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေကျပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရခြင်း ဖြစ်သည်။

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဖြစ် အင်္ဂလန်နှင့် ဩစတြီးယားတို့ ယှဉ်ပြိုင်ကစားရာ ဩစတြီးယားဘက်သို့ အင်္ဂလန်မှ ဖရန့်လမ်းပတ် ဂိုးသွင်းယူလိုက်စဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိုက်စလန်နှင့်ဘူဂေးရီးယား

အိုက်စလန်နှင့် ဘူဂေးရီးယားအသင်းတို့၏ခြေစစ်ပွဲကို အိုက်စလန်နိုင်ငံ ရေကျာဗစ်မြို့၌ကျင်းပရာ ဘူဂေးရီးယားအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဘူဂေးရီးယားတို့က အိမ်ရှင်အိုက်စလန်အသင်းကို အပေါ်စီးမှကစားသွားနိုင်ပြီး ပွဲချိန်သုံးမိနစ်မှာပင် ဘူဂေးရီးယားမှ ဘာဘာတော့ဗ်က အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး ပွဲချိန်မိနစ်၅၀တွင် ဘူဂေးရီးယားမှ ဘူလီနော့ဗ် ဂိုးရှေ့သို့ ဖြတ်ပေးလိုက်သည့်ဘောလုံးကို ဘာဘာတော့ဗ်ကပင် သွင်းယူခဲ့သည်။

ပွဲချိန်၅၃မိနစ်တွင် အိုက်စလန်တို့ ပယ်နယ်တီပြစ်ဒဏ်ဘောရရှိရာ ယင်းပယ်နယ်တီကို ဂတ်ဂျွန်ဆင်က တည်ငြိမ်စွာသွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ ပွဲချိန်၆၂မိနစ်တွင် ဘူဂေးရီးယားတို့ပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို လူစားဝင်လာသူ စတိုရန်နက်စ်က တိုက်ရိုက်ကန်သွင်းယူခဲ့သဖြင့် ဘူဂေးရီးယားတို့ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နှင့်အစ္စရေး

နာမည်ကြီးပြင်သစ်နှင့် အစ္စရေးတို့ ခြေစစ်ပွဲအဖြစ် ပြင်သစ်နိုင်ငံ စိန့်ဒင်းနစ်မြို့တွင်ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်တို့ တစ်ဂိုးမျှမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲဖြစ်သွားသည်။

ပြင်သစ်အသင်းက အစ္စရေးအသင်းကို ဦးဆောင်ကစားနိုင်ပြီး ကစားကွက်လည်း စိုးမိုးကစားခဲ့သော်လည်း ပြင်သစ်တိုက်စစ်မှူးများ ဂိုးသွင်းမှု မပိုင်နိုင်သဖြင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ပြင်သစ်တို့ အစ္စရေးအသင်းကို ပေါ့ဆစွာကစားမိခဲ့သဖြင့် သရေပွဲနှင့် ကြုံတွေ့ရခြင်း ဖြစ်သည်။ ပြင်သစ်အသင်းတွင် ကမ္ဘာကျော်ဘောလုံးသမားများပါဝင်သော်လည်း အချင်းချင်းနားလည်မှုနှင့် ဂိုးရရှိရေး အဆုံးသတ် အားနည်းနေခြင်းတို့ကြောင့် အသင်းငယ်ဖြစ်သည့် အစ္စရေးကို ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ အစ္စရေးတို့က ခံစစ်အားပြုကစားခဲ့ပြီး ပြင်သစ်တို့နှင့် တစ်မှတ်စီခွဲဝေယူနိုင်ခဲ့သည်။

အိုင်ယာလန်နှင့်ဆိုက်ပရပ်

အိုင်ယာလန်နှင့် ဆိုက်ပရပ်အသင်းတို့ ခြေစစ်ပွဲကို စက်တင်ဘာ ၄ ရက်က အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့၌ကျင်းပရာ အိုင်ယာလန်က သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အိုင်ယာလန်အသင်းက ပွဲချိန်အတော်များများကို တစ်ဖက်သတ်ဖိကစားထားနိုင်ပြီး ဆိုက်ပရပ်တို့က တစ်ခါတစ်ရံမှသာ တန်ပြန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

ပွဲချိန် ၃၃ မိနစ်တွင် အိုင်ယာလန်မှ ကဗန်နက်ချ်က ကွင်းလယ်မှ ပြစ်ဒဏ်ဘော ကန်တင်ပေးလိုက်သည်ကို အိုင်ယာလန်တိုက်စစ်မှူး မော်ရစ်ဆင်က ခေါင်းတိုက်သွင်းခဲ့သဖြင့် အဖွင့်ဂိုးရရှိသွားသည်။ ပွဲချိန် ၃၈ မိနစ်တွင် အိုင်ယာလန် ကွင်းလယ်ကစားသမား အန်ဒီရိဒ်က ဂိုးဧရိယာအပြင်ဘက်မှ ဘယ်ခြေဖြင့် အမှတ်မထင်ကန်သွင်းရာမှ ဂိုးဝင်သွားသဖြင့် အိုင်ယာလန်တို့ ဒုတိယဂိုးရရှိသွားသည်။

ပွဲချိန် ၅၉ မိနစ်တွင် အိုင်ယာလန်တို့ ပယ်နယ်တီရရှိရာ ယင်းပယ်နယ်တီကို အိုင်ယာလန်တိုက်စစ်မှူး ရော်ဘီကိန်းက ကန်သွင်းပြီး တတိယဂိုးရရှိကာ သုံးဂိုး–ဂိုးမရှိဖြင့် သုံးမှတ်အပြည့်ရရှိသွားခြင်းဖြစ်သည်။

အလားအလာကောင်း

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန်ပွဲစဉ်များ စက်တင်ဘာ ၄ ရက်က ကစားခဲ့ကြရာတွင် နာမည်ကြီး ပြင်သစ်၊ အင်္ဂလန်တို့ သရေပွဲနှင့် ကြုံရပြီး ကျန်နာမည်ကြီးအသင်းများ နိုင်ပွဲရရှိခဲ့သဖြင့် ခြေစစ်ပွဲအောင်မြင်ရေး အလားအလာကောင်းလျက်ရှိပေသည်။ ။

(မြန်မာ့အလင်း)

မြန်မာလက်ရွေးစင်အသင်း၏ ထိုးဖောက်မှုကို ကစ်ချီကလပ်အသင်း ဂိုးသမားကာကွယ်နေစဉ်နှင့် မြန်မာတိုက်စစ်မှူးထွန်းမင်းဦး(တံခွန်) အခုန်အပျံ အကျော်အလွှားများဖြင့် ဂိုးသွင်းရန် ကြိုးစားစဉ်။ (ထွန်းမင်းဦးသည် ဖွေဆော်ဦးအဖွင့်ဂိုးကိုသွင်းပေးသူ ဖြစ်သည်။) **ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)**

မြန်မာ–ဟောင်ကောင် ချစ်ကြည်ရေးခြေစမ်းဘောလုံးပွဲယှဉ်ပြိုင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ကစ်ချီကလပ်ကိုအနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာ–ဟောင်ကောင် ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ စတုတ္ထပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီက လှိုင်ယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်ကစ်ချီကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်လက်ရွေးစင်အသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဟောင်ကောင် ကစ်ချီကလပ်အသင်းသည် ပထမပွဲစဉ်၌ အဖွဲ့ချုပ်ညွှန့်ပေါင်းလက်ရွေးစင်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဒုတိယပွဲစဉ်၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နှစ်ဂိုးစီသရေ၊ တတိယပွဲစဉ်၌ ဘဏ္ဍာ/အခွန်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဟောင်ကောင် ကစ်ချီကလပ်အသင်းသည် သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရှုံးပွဲမရှိသေး၍ ယနေ့ပွဲစဉ်၌လည်း အနိုင်ရရှိရေး အထူးကြိုးစားကစားသွားသည်။

ဦးဆောင်ဂိုး

အဖွဲ့ချုပ်လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃၃ မိနစ်တွင် ကစ်ချီကလပ် ပယ်နယ်တီဧရိယာအတွင်းမှ မာလက အနေတော်ထိုးပေးရာ တိုက်စစ်မှူး ထွန်းမင်းဦးက မနားတမ်း ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယဂိုး

အဖွဲ့ချုပ်လက်ရွေးစင်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်မိနစ် ၇၀တွင် အောင်ဇော်မျိုးကန်ပို့သည့် ထောင့်ကန်ဘောမှတစ်ဆင့် အသင်းခေါင်းဆောင် စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၆–၉–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း (တတိယဆယ်စုနှစ်)(အပိုင်း–၁)
၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက–၁၊ဒဂုံ) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅ ၆။ အကပဒေသာ
၁၇း၂၅ ၇။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇း၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၄၀ ၉။ တေးဂီတအစီအစဉ်
၁၇း၅၅ ၁၀။ မြန်မာစာ မြန်မာစကား
၁၈း၀၅ ၁၁။ Discovery
၁၈း၁၀ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်"**(အပိုင်း–၂၁)
၁၈း၃၀ ၁၃။ ညနေခင်းသတင်း
၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၅။ အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ
၁၉း၂၀ ၁၆။ တေးဂီတအစီအစဉ်
၁၉း၃၅ ၁၇။ သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ (တနင်္သာရီတိုင်း ထားဝယ်ခရိုင်)
၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"**(အပိုင်း–၁၉)

ဒုတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၄–၂၀၀၅ ခုနှစ်ဘောလုံးရာသီ ဒုတိယတန်းကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၇ရက်မှ စတင်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ၁၁သင်းပါဝင်မည်ဖြစ်ရာ အုပ်စုသုံးစုခွဲ၍ အုပ်စုပတ်လည်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်ရေးဆွဲထားပြီးဖြစ်ရာ အုပ်စု(က)၌ ပထပ တံခွန်(ခ)၊ လမ်းမတော်လူငယ်နှင့် ရန်ကုန်တိုင်းလူငယ်၊ အုပ်စု(ခ)၌ ရွှေညီနောင်၊ ဇီယွန်၊ ငွေကြယ်ပွင့်လေးများနှင့် အားကစားဝန်ကြီးဌာန၊ အုပ်စု(ဂ)၌ တပ်မတော်(လေ)၊ ဝီရနှင့် ဥက္ကလာလူငယ်တို့ ပါဝင်ကြသည်။

ယှဉ်ပြိုင်ကစားမည်

စက်တင်ဘာ ၇ရက် ညနေ ၃နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ အုပ်စု(က)ပထမပွဲစဉ်အဖြစ် ပထပအသင်းနှင့် ရန်ကုန်တိုင်းလူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ အောက်တိုဘာ ၁၉ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာဖော်ဆောင်မှုဟောပြောပို့ချ

ရန်ကုန် စက်တင်ဘာ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးဆင့်ပွားသင်တန်း အမှတ်စဉ်(၂၀/၂၁) တို့မှ သင်တန်းသား ၂၀၀တို့အား နိုင်ငံတော်မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် လက်တွေ့အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေပုံနှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

အင်အားပြင်း မြေငလျင်လှုပ်ရှား

ရန်ကုန် စက်တင်ဘာ ၅

၂၀၀၄ ခုနှစ် စက်တင်ဘာ ၅ရက် မြန်မာစံတော်ချိန် ညနေ ၄နာရီ ၄၄မိနစ် ၃၅စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင်၂၈၉၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ၏ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်စတာစကေး ၇ ဒသမ ဝ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ် ၃၁ရက်က မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် **အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးတွင် ကျင်းပသော တိုင်း၊ ခရိုင်၊ မြို့နယ်ရှိ ဝန်ထမ်းများ အင်္ဂလိပ်စာသင်တန်း ဖွင့်ပွဲတွင် တိုင်းဦးစီးဌာနမှူး ဦးချိုထွန်းမှ သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။** (က-ပ)

နဝင်္ဂဥပေါသထကိုးပါးသီလ ဟောကြားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၅

၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက် (၂၀၀၄ခုနှစ် စက်တင်ဘာ ၇ရက်) အင်္ဂါနေ့တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များ အပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အား ချိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

နိဗ္ဗာန်ရည်မှန်း ရွှေသက်န်း

❖ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။

❖ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ် ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် **"မဟာဇေယျ အတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော် မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်တွင် ရေစက်ချဖွင့်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိသာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူ ပြည်သူအများ နိဗ္ဗာန်ရည်မှန်း၍ ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျ ကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	- ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	- ဘုမိဖဿ မုဒြာပုံတော်
ဥဏှာတော်	- ၂၄ ပေ၊ ၉ လက်မ
ပလ္လင်တော်	- အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	- ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ပိဿာ
ကိုယ်လုံးတော်အလေးချိန်	- ၁၆၇၅ဝပိဿာ
စုစုပေါင်းအလေးချိန်	- ၁၆၈၇၅ပိဿာ ဖြစ်ပါသည်။

ရွှေကိုလှူလျှင် ရွှေဆင်းသွင်သို့
ဘဝပင်မခြား တူအကျိုးပွား၏
ဘုမိဖဿ မုဒြာမြတ်ကို
မပြတ်သန့်စင် ရောင်ဝါလွင်သော
ရွှေစင်သင်္ကန်း ဒါနပန်းဖြင့်
လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်
နှိုးဆော်သတင်း ပေးဝေနှင်းသည်
ကောင်းခြင်းဖြာဖြာ ပြည့်စေသော် ...

(၁) ရွှေဆိုင်းဌာန	- ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂) ရွှေအရည်အသွေး	- ရွှေစင် ၉၉ရာခိုင်နှုန်း
(၃) ကပ်လှူပူဇော်ချိန်	- နေ့စဉ် နံနက် ၆နာရီ မှ ညနေ ၆နာရီအထိ
(၄) ဆက်သွယ်စုံစမ်းရန်	- ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၁၆၈၁။

ရွှေတိဂုံစေတီတော်
ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီ

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၆၆ ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၆၆ကို ယနေ့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက် ဆောင်ပုဒ်ဖြင့် နိုင်ငံတကာသတင်းများနှင့်သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြား တင်ဆက်နေသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ချေချင်းညှာသူပုန်များ ရုရှားနိုင်ငံအတွင်း အကြမ်းဖက်နေ၊ အဘူဂါရိုပ်အကျဉ်းထောင် အရှုပ်တော်ပုံ အမေရိကန် ကာကွယ်ရေးဝန်ကြီးတာဝန်မကင်း၊ အက်စ်တိုးနီးယားနိုင်ငံ အကြောင်း သိကောင်းစရာ၊ ကြက်ငှက် တုပ်ကွေးဗိုင်းရပ်စ်ဝက်များ၌တွေ့ရခြင်း၊ ဥရောပ၏ သမိုင်းသင်ခန်းစာ၊ ပါကစ္စတန်ဝန်ကြီးချုပ်သစ်၊ နီပေါ ၁၂ဦး အီရတ်၌ အသတ်ခံရမှု၊ ရုရှားတောင်ပိုင်း စာသင်ကျောင်းဓားစာခံဖမ်းဆီးခံရမှု၊ အီရတ်တွင် ပြန်ပေးဆွဲ ခံထားရသော ပြင်သစ် သတင်းထောက်များ၊ အစ္စရေးအတွက် သူလျှိုလုပ်ခဲ့ဖွယ်ရှိသည့် ပင်တဂွန်အရာရှိ၊ နေစကြဝဠာပြင်ပတွင် တွေ့ရသော ဂြိုဟ်ကမ္ဘာသစ်နှစ်လုံး၊ နိုင်ငံတကာဟာသ၊ ယုံချင်ယုံမယုံချင်နေ၊ ဖရန်းစစ်လေကြမ်း၊ နှလုံးရောဂါအတွက် သတိပြုရမည့် အချက်များ၊ အကြမ်းဖက်ပြိုင်ပွဲ အမှတ်တရ အပါအဝင် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းရသများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(က-ပ)**

ဝံသာနုသတင်းလွှာ အတွဲ ၁၃၊အမှတ် ၁၈ ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၅

'အလှသွေးဖြာတို့တက္ကသိုလ်မြေမှာ' မျက်နှာဖုံး အလှဖြင့် ဝံသာနု သတင်းလွှာ အတွဲ ၁၃၊ အမှတ် ၁၈ကို ယနေ့ထုတ်ဝေလိုက်သည်။

ယခုအပတ်ဝံသာနုသတင်းလွှာတွင် မင်းခမ္မကုန်းတော်ပေါ်မှ ဘုရားဖူးတဲ့ မြွေတစ်ကောင်၊ နိုင်ငံခြားဘောလုံးလောင်းကစားသူများဖမ်းဆီးအရေးယူ၊ ရန်ကုန်ဘူတာကြီးမှာ ဖမ်းမိလိုက်တဲ့ တွံတေးက လူမှောင်ခိုအမျိုးသမီး၊ မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းမှ စက်လှေ မီးလောင်၊ ဝံသာနုစားပွဲပေါ် ရောက်လာသော စာတစ်စောင်(သတင်း ဆောင်းပါး)တို့နှင့်အတူ အမေရိကန်နိုင်ငံရေး မဲဆွယ်စည်းရုံးမှုများ၊ ဝန်ကြီးချုပ် တိုနီဘလဲလက်ထက် ဗြိတိန်နိုင်ငံ ဆင်းရဲချမ်းသာကွာဟမှုပိုမိုနက်ရှိုင်း၊ ပါကစ္စတန်ဝန်ကြီးချုပ်အား အသေခံ ဗုံးခွဲလုပ်ကြံမှု အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိသူများ ဖမ်းဆီး၊ ဗြိတိသျှစစ်တုရင်အကျော် အမော်ကို အသက်(၁၂)အရွယ် ထိုင်းစစ်တုရင် ချန်ပီယံလေးက အနိုင်ယူခဲ့၊ FBIတာဝန်ရှိသူများ အသက်၇၀ကျော် အဘိုးအိုအား မှားယွင်း ဖမ်းဆီးပြီး ဘွာခတ်တောင်းပန်၊ ထိုင်းနိုင်ငံ ချွန်ပွန်ပြည်နယ် ရေလွှမ်းမိုးမှုမြင်ကွင်း၊ ကမ္ဘာ့အိုလံပစ် ရေကူး

အထက(၄)အလုံ ဆရာ၊ဆရာမကြီးများအား အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

အထက(၄)အလုံကျောင်း (ယခင်ကူရှင်)မှ အသက်(၆၀)နှင့်အထက် ဆရာ၊ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၆ရက် (အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားဟောင်းများ၏ ညှိနှိုင်းအစည်းအဝေးကို စက်တင် ဘာ ၁၁ရက်(စနေနေ့) နံနက် ၁၀နာရီတွင် အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ တက်ရောက် ကြရန်ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

ရန် ပြင်ဆင်နေသော အဘူဆေယက်၊ ပါကစ္စတန်က အလိုရှိနေသော အကြမ်းဖက်သမားများ၊ ယူရေနီယံခွဲထုတ်သန့်စင်မှုတောင်ကိုရီးယား စမ်းသပ်ခဲ့စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။ **(က-ပ)**

ဗြိတိန်နိုင်ငံအနုပညာရှင်များ၏ ဂီတဆည်းဆာဖျော်ဖြေပွဲ

အခမဲ့ကြည့်ရှုနိုင်

ဗြိတိန်နိုင်ငံ Cambridge University, St. Catharine's College မှ အနုပညာရှင်များတင်ဆက်ဖျော်ဖြေမည့် ဂီတဆည်းဆာကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ တေးဂီတမြတ်နိုးသူများ အခမဲ့ လာရောက် ကြည့်ရှုနိုင်ပါသည်။

နေ့ရက်နှင့်အချိန်	နေရာ
၆-၉-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆း၃၀ နာရီ	မန္တလေးအမျိုးသားကဇာတ်ရုံ
၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီ	ရန်ကုန်အမျိုးသားကဇာတ်ရုံ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျော်ကြားသောဟိုတယ်တွင်တာဝန်ထမ်းဆောင်ရန်)

၁။ **Marketing Manager** ကျား(၁)ဦး

၂။ **Front Office Manager** ကျား(၁)ဦး

၃။ **Food & Beverage Manager** ကျား(၁)ဦး

၄။ **Humen Resource Manager** ကျား(၁)ဦး

၅။ **Chef** ကျား(၁)ဦး

၆။ **Generator Manager** ကျား(၁)ဦး

B.E (E.P), ...

... ကိုယ်ရေးအကျဉ်း (C.V) ...

ဝန်ထမ်းအလိုရှိသည်

၁။ **Executive Engineer** ကျား(၁)ဦး

B.E (Civil) ...

၂။ **Assistant Engineer** ကျား/မ (၁၀) ဦး

B.E (Civil) ...

၃။ **Second Assistant Engineer** ကျား/မ (၂၀) ဦး

B.E., B-Tech, A.G.T.I (Civil) ...

၄။ **Quality Control (I)** ကျား (၁) ဦး

Any Graduate QC ...

၅။ **Admin Manager** ကျား (၂) ဦး

Any Graduate ... Computer ...

၆။ **Superintendent** ကျား (၁) ဦး

Any Graduate ... Computer ...

၇။ **B.C** ကျား (၃) ဦး

Any Graduate ... Computer ...

၈။ **Computer Operator** ကျား/မ (၂) ဦး

Any Graduate Computer Operator ...

၉။ **Batching Plant Operator** ကျား (၂) ဦး

Operator ...

၁၀။ **Mechanical Engineer for Batching Plant** ကျား (၁) ဦး

A.G.T.I (MP) Batching Plant ...

၁၁။ **Electrical Engineer for Batching Plant** ကျား (၁) ဦး

A.G.T.I (EP) Batching Plant ...

၁၂။ **Store Keeper** ကျား (၂) ဦး

Any Graduate, Store ...

၁၃။ **Executive Engineer (Mechanical)** ကျား (၁) ဦး

B.E (MP) ...

၁၄။ **Assistant Engineer** ကျား (၄) ဦး

B.E (MP) ...

၁၅။ **Second Assistant Engineer** ကျား (၈) ဦး

A.G.T.I (MP), B-Tech (MP) ...

၁၆။ **Accountant** ကျား (၂) ဦး

B.Com CPA, ...

၁၇။ **Assistant Accountant** ကျား (၅) ဦး

B.Com, LCCI Level (III) ...

၁၈။ **AG Truck Driver** ကျား (၅) ဦး

... AG ...

၁၉။ **Dump Truck Driver** ကျား (၁၀) ဦး

... Dump Truck ...

... (C.V) ...

ရှာရန်ရာနှုန်း ၆၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း) အထက (၂) ဒသမတန်း(ဂ)မှ မောင်လှဆန်းဦး၏ ဖခင်အမည်မှာ ဦးပေါက်ဆန်း ၁၂/ဒဂတ(နိုင်)၀၁၅၅၂၉ဖြစ်သည်။

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	10:00 - 11:30 a.m. 6.9.04 Mon to Thu
	10:00 - 12:00 a.m. 11.9.04 Sat + Sun
INTERMEDIATE ENGLISH	1:00 - 2:30 p.m. 14.9.04 Tue to Fri
	7:30 - 9:00 a.m. 20.9.04 Mon to Thu

FAME

DYSENZI®

ဝမ်းကိုက်ပျောက်ဆေး

မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော် ဝိဇာတမွေးနေ့ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ပြည် စက်တင်ဘာ ၂

ပြည်မြို့ ဝေပုလ္လရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ပဲခူးတိုင်းသံဃနာယက ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော်၏ သက်တော်(၆၁)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားကို ဩဂုတ် ၃၀ရက်က စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် သက်တော်ရှည် ဆရာတော်ကြီး ငါးပါးအား မဟာသဒ္ဓမ္မ ဇောတိကဓဇ ပဲခူးတိုင်းသံဃနာယက ဒုတိယဥက္ကဋ္ဌမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီးက လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အလှူငွေများအား ပေးအပ်ရာ ကြည်ဖြူအေးရိပ်သာကျောင်းတိုက် ဓမ္မရိပ်သာ၊ ခေတ္တရာ လူငယ်များ သာရေး၊ နာရေးအသင်းနှင့် မော်လမြိုင်မြို့ ညောင်ပင် ဆိပ်ကျေးရွာ သာသနာ့ဝေပုလ္လကျောင်းတိုက်တို့အတွက် မွေးနေ့ရှင် ဆရာတော်က အလှူငွေသုံးသိန်းစီကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။

လက်ခံရယူ

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်နှင့်ဇနီး ဒေါ်မိုးမိုးမြင့် မိသားစုတို့က နန်းမြင့် ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း ၂၀နှင့် ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ကျော်မြင့်ဇနီး ဒေါ်ချိုချိုအေး မိသားစုတို့က ကျပ်ခုနစ်သိန်း အသီးသီး လှူဒါန်းကြရာပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးကြီး လှမင်းက လက်ခံရယူ သည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးကြီး လှမင်း၊ဇနီး ဒေါ်နိုင်နိုင်မော်နှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (၄၀၃)

အမြို့မြို့ အနယ်နယ် သတင်းများ



မန်စီမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေနှင့် ရုံးဝန်ထမ်းများ ဩဂုတ် ၁၄ရက်က ရုံးဝင်းအတွင်း ပျိုးဥယျာဉ်တွင် ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ဓနုဖြူမြို့နယ် ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

ဓနုဖြူ စက်တင်ဘာ ၁

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၂၃ရက် ညနေ ၃နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အခမ်းအနားတွင် နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးသိန်းဇော်နှင့် ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင် ရပ်ကွက်ဘောလုံးအသင်း ၁၁သင်းမှ အားကစားသမားများ တက်ရောက်ကြသည်။

အနိုင်ရရှိ

ဖွင့်ပွဲအပြီးတွင် မျိုးဆက်သစ်လူငယ်နှင့် ၇+၈ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ မျိုးဆက်သစ်လူငယ်အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ (က-ပ)

ကျေးရွာအုပ်စုပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်

ရန်ကုန် စက်တင်ဘာ ၅

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ကျေးရွာအုပ်စုပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၉ရက်က ဒေးဒရဲမြို့နယ် မြို့မအားကစားကွင်းသစ်ကြီး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘောလုံးဆပ်ကော်မတီဝင်များ၊ ဘောလုံးဝါသနာရှင်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကစား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းကျော်က မြို့နယ်ဥက္ကဋ္ဌကိုယ်စား အဖွင့်အမှာ စကားပြောကြားပြီး ပြိုင်ပွဲကိုကျင်းပရာ တော်ကမယ်ကျေးရွာအသင်းက တည်င်ကုန်းကျေးရွာ(ခ)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲတွင် စိုက်ပျိုးရေးစခန်းနယ်မြေအလိုက် ကျေးရွာအုပ်စုပေါင်းစုံ အသင်း ၁၇သင်းပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရွှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကျိုက်ထို ဩဂုတ် ၁၀

ကျိုက်ထိုမြို့နယ် တောင်ပိုင်းရပ်ကွက်တွင် ပညာရွှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၅ရက် နံနက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပညာရွှေ့ဆောင် စာကြည့်တိုက်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်များက စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံစုစုပေါင်း စာအုပ် ၃၂၀ ပေးအပ်လှူဒါန်းကြသည်။

အလားတူ မြောက်ပိုင်းရပ်ကွက်တွင် ရောင်ခြည်ဦး စာကြည့်တိုက်နှင့် ကော့စံနိုင်ရပ်ကွက်တွင် အလင်းရောင် စာကြည့်တိုက်တို့ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဩဂုတ်၃၀ရက်က လားရှိုးမြို့ပေါ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှုကို ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းစိုး ကွင်းဆင်းကြည့်ရှုစဉ်။ (မြို့နယ်လဝက)

ဆေးလိပ်အန္တရာယ်ကင်းစင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

သီပေါ ဩဂုတ် ၃၀

သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ဆေးလိပ်အန္တရာယ်ကင်းစင်ရေး စီမံချက် မြို့နယ်အဆင့် အသိပညာပေးခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ရက် နံနက် ၁၀နာရီက သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်က ဆေးလိပ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ (၃၀၆)

ဩဂုတ် ၇ရက်က မကွေးမြို့ နတ်မောက်လမ်းတွင် အဖွဲ့ဝန်ထမ်းများ မြို့အဝင်ဆိုင်းဘုတ်နှင့် မြေခင်းအလှပြုပြင်မှုကို အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပန်းတနော်မြို့ သန့်ရှင်းသာယာလှပရေး မြို့နယ်စည်ပင်နှင့်ဒေသခံပြည်သူများဆောင်ရွက်

ပန်းတနော် ဩဂုတ် ၃၀

ပန်းတနော်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး အတွက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ရက်က အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြတ်သူတို့က ကြီးကြပ်၍ မြို့ဝင်လမ်းဘေးတားတုံးများနှင့် မြေယာရှုခင်းအလှပြုပြင် ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်၊ အမှုဆောင်အရာရှိဦးအောင်သန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

(၃၂၇)



အင်းတော်မြို့နယ်ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း အလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်၊ကျောင်းဆောင်သစ်ဖွင့်

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

စဉ့်ကူးမြို့နယ်ကျေးလက်စာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ ရှင်းလင်း

အင်းတော် ဩဂုတ် ၂၃

အင်းတော်မြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ခြင်းနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်အေးတို့က အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အမှာစကားပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်အေးတို့က အမှာစကား ပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စံရှားတင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(၁၃၃)**

ကျေးလက် သတင်းနှင့် မြင်ကွင်း

စဉ့်ကူး ဩဂုတ် ၂၂

စဉ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ငါးပြားပေးကျေးရွာတွင် ဩဂုတ် ၉ရက်က စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်ကို ဖွင့်လှစ်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ငါးပြားပေးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစောထွန်းနောင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်ဦးလှဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစောထွန်းနောင်က ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(က–ပ)**

နိုင်ငံအဝန်း ကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်စာစောင်များ ဝိုင်းဝန်းကူညီ လှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိကစာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ပြီး စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါနငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း–၀၁–၂၅၂၄၅၇၊ ၂၅၂၄၅၈၊ ၀၁–၃၇၁၃၃၉၊ ၀၁–၃၇၉၇၆၉၊၀၁–၃၇၉၇၇၁နှင့်၀၁–၂၅၂၄၅၁သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် စာပေဒါနငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်–

နေ့ရက် – ၇–၉–၂၀၀၄ (အင်္ဂါနေ့)
အချိန် – မွန်းလွဲ (၂)နာရီ
နေရာ – **ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ**

စာပေဒါနပြုလိုကြသော စေတနာရှင်၊အလှူရှင်များ အချိန်မီတက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ရန်ကုန်မြို့။
ဖုန်း–၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။

လှိုင်ကော်မြို့နယ် ကျေးလက်အလင်းရောင်စာကြည့်တိုက်ဖွင့်

လှိုင်ကော် ဩဂုတ် ၂၅

လှိုင်ကော်မြို့နယ် မထောစုကျေးရွာအုပ်စု လောပိတစံပြကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျေးလက်အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ် ၁၂ရက်က လောပိတစံပြကျေးရွာ၌ ကျင်းပသည်။

ထို့နောက်ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန ပြည်နယ်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဝင်း၊ လှိုင်ကော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းခမ်းဝင်းနှင့် လောပိတစံပြကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အမှာစကားပြောကြား

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဦးစိုင်းခမ်းဝင်းက ကျေးလက်အလင်းရောင် စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လှိုင်ကော်မြို့ ဈေးပိုင်းရပ်ကွက်အတွင်းရှိ ဆဲဗင်းဒေးဂျာနယ်မျိုးစုံ ဖြန့်ချိရေးမှ ဂျာနယ်မျိုးစုံစာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်သို့ အထူး စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ မဂ္ဂဇင်း၊ ဆောင်းပါး၊ ဂျာနယ်နှင့်ပြည်ထဲရေးသတင်းလွှာ စုစုပေါင်း စာအုပ် ၁၈၀နှင့် စာကြည့်တိုက်မတည်လှူဒါန်းငွေများ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

(၁–၉–၂၀၀၄ မှ ၇–၉–၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား
ဗီတာမင်အေဆေးလုံးတိုက်ပါ။
အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။
ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ သတ္တုတွင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပညာသိပ္ပံ

ကြော်ငြာစာ

၁။ ရေကြောင်းပညာသိပ္ပံတွင် (၂၀၀၄–၂၀၀၅) ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါ သင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာ နိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသား အိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးထံသို့ (၁၅–၁၀–၂၀၀၄)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း
Nautical Cadet

(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း
Engineering Cadet

၂။ **ပညာအရည်အချင်းကန့်သတ်ချက်**
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ဓာတုဗေဒဘာသာများပါဝင်သော ဘာသာတွဲဖြင့်အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး၃၆၀ ရှိရမည်။

၃။ **အသက်နှင့်အခြားကန့်သတ်ချက်**
(က) ၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ၊
(ခ) အရပ်အမောင်း (၅ ပေ ၄ လက်မ) အနည်းဆုံးရှိရမည်၊
(ဂ) ကိုယ်အလေးချိန် ပေါင်(၁၀၀) အနည်းဆုံးရှိရမည်၊
(ဃ) ရင်အုပ် (၃၂ လက်မ) နဂိုအနေအထား အနည်းဆုံးရှိရမည်၊
(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများ မဖြစ်စေရ။
(အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ **ရွေးချယ်ရေးအဖွဲ့မှ အောက်ပါများကို ဆက်လက်စစ်ဆေးသွားမည်။**
(က) နားစစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးခြင်း၊
(ခ) မျက်စိစစ်ဆေးခြင်း၊(အရောင်ခွဲခြားနိုင်မှု ရှိ/မရှိစစ်ဆေးခြင်း)၊
(ဂ) လူတွေ့စစ်ဆေးခြင်း။

၅။ **လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။**
(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်၊
(သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)
(ခ) အမည်၊
(ဂ) နိုင်ငံသားစိစစ်ရေးအမှတ်၊
(ဃ) မွေးနေ့သက္ကရာဇ်၊
(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်၊ ခုံအမှတ်၊ မြို့နယ်၊တိုင်း၊ဘာသာရပ်အလိုက် ရရှိသည့် အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်၊
(ဆ) အဘအမည်နှင့်အလုပ်အကိုင်၊
(ဇ) အမိအမည်နှင့်အလုပ်အကိုင်၊
(ဈ) နေရပ်လိပ်စာအပြည့်အစုံ၊
(ည) ဆက်သွယ်ရန် စကားပြောကြေးနန်းအမှတ်နှင့် နေရပ်လိပ်စာ၊

၆။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။**
(က) လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့၊စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊
(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ကျောင်းအုပ်ကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာ မူရင်းတင်ပြရမည်၊ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်၊
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း၊
(မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)
(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ကြောင်း ကတိခံဝန်ချက်၊
(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြနိုင်ရမည်)
(စ) ပဏာမအဆင့် ရွေးချယ်ခြင်းခံရသော သင်တန်းသားများသည် ရေကြောင်းပညာသိပ္ပံ၏စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည် သတင်းပို့သည့်အခါ မြန်မာနိုင်ငံ စာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်၊ သတ်မှတ်သည့် ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း သင်တန်းကြေး၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့်လစဉ်စားစရိတ် အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။ လျှောက်လွှာနှင့်အတူ ပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် ရေကြောင်းပညာသိပ္ပံတွင် ရွေးချယ်ခြင်းခံရသည်၊မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၁။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခု ပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နုတ်ထွက်ခွင့်ပြုမည် မဟုတ်ပါ။

၁၂။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက ရေကြောင်းပညာသိပ္ပံ၊ သင်တန်းဌာန၊ တယ်လီဖုန်းအမှတ် (၅၃၆၁၆၆၊ ၅၃၆၁၃၈၊ ၅၃၉၄၆၄၊ ၅၃၉၄၆၅၊ လိုင်းခွဲ–၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအုပ်ကြီး
ရေကြောင်းပညာသိပ္ပံ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန မွေးမြူရေးစခန်းများအတွက်လိုအပ်သော တိရစ္ဆာန်အစာကုန်ကြမ်း၊ ဖြည့်စွက်ဆေးနှင့် ပီနံအိတ်ခွံများကို ဌာနအရောက် ကျပ်ငွေဖြင့်ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၇–၉–၂၀၀၄ နေ့ (၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်း တင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ်–၁၀၀၀(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ရေချိုပုစွန်မွေးမြူရေးအခြေခံသင်တန်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်မည့် ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်း တက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း။

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	–	စက်တင်ဘာနောက်ဆုံးပတ်။
သင်တန်းဖွင့်လှစ်မည့်နေရာ	–	မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ရုံး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
လက်ခံမည့်သင်တန်းသားဦးရေ	–	၅၀ဦး။
လျှောက်လွှာစတင်လက်ခံမည့်ရက်	–	၇–၉–၂၀၀၄။
လျှောက်လွှာပိတ်မည့်ရက်	–	၁၆–၉–၂၀၀၄။
ဆက်သွယ်ရန်လိပ်စာ	–	မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း အမှတ် ၆၉၊ ဒုတိယထပ်၊ ၂၉–အေ/ဘီ၊ ယုဇနတာဝါ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁–၅၅၉၈၄၉ E-mail: fish-fed@mff. com. mm

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ်၊ ၃၄/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား ဘဏ္ဍာရေးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

ရာထူး	ပညာအရည်အချင်း	လစ်လပ်
လက်ထောက်မန်နေဂျာ (ဘဏ္ဍာရေး)	ဝါဏိဇ္ဇဘွဲ့ရရှိပြီးလက်မှတ်ရ ပြည်သူ့စာရင်းကိုင် အောင်လက်မှတ်ရရှိသူ	၂ နေရာ

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၇–၉–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၇–၉–၂၀၀၄ နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀ဝိ/ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့က ကြော်ငြာခေါ်ယူသောရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့** များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၇–၉–၂၀၀၄ နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၉–၁၀–၂၀၀၄ နေ့နှင့် ၁၀–၁၀–၂၀၀၄ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၇–၁၀–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ csstb. imis. com. mm တွင်လည်း ဖော်ပြထားပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ ဇရပ် အမကြီး
ဒေါက်တာဒေါ်ခင်သင်းရီ (May Maung)
(သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)

ဒုတိယဗိုလ်မှူးကြီးအောင်ကျော်လှ–ဒေါ်အိအိမြ တို့၏ မိခင်သည် ၂၇–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးနေထွန်းဦး–ဒေါ်အေးအေးမြတ်
(မြိတ်မြို့)။





SAYA-TONY

(SHELL)

IELTS Sat, Sun

- Spoken English Course
- Grammar & Essay Writing Course
- All Round Development (4 Skills)
- Foreign Going English Course

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

* အတွင်းရေးမှူး		၁ ဦး
* ကားမောင်းကျွမ်းကျင်	မ	၁ ဦး
* ထိုင်း၊ တရုတ်၊ အင်္ဂလိပ်၊ဂျပန်စကားပြောကျွမ်းကျင်	မ	၁ ဦး
* အင်တာနက်ကျွမ်းကျင်	ကျား/မ	၁ ဦး
* အိမ်၊ ခြံ၊ မြေ ကျွမ်းကျင်	မ	၁ ဦး

အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။ ရုပ်ရည်ချောမောပြေပြစ်ရမည်။ ဆံပင်ရှည်သူ၊ အသားဖြူသူ၊ သွက်လက်ဖျက်လတ်၍ လုပ်ငန်းကျွမ်းကျင်သူ ဖြစ်ရမည်။

ဖုန်း- ၀၉-၈၀-၂၀၅၈၀၊ ၀၉-၈၀-၂၃၉၉၁။

Career Opportunity

(For Local Service Only)

Urgent Requirement

Our Company is now urgently looking for the qualified employee in the trading fields for the following posts.

I. Administration Department
1. Deputy Manager (1)Post/ Female
   - MBA/ DMA
   - must have good command in English
   - Able to operate office automation
   - At least 3 years Experience

II. Administration Department
1. Executive (1) Post/ Male
   - Age 30 ~ 35 years
   - Good Command in communication and dealing
   - Able to operate office automation

III. Logistic Department
1. Assistant Manager (Cargo & Clearance) (1)Post/ Male
   - BE/ AGTI (Mechanical Power or EP)
   - Age 30 ~ 35 years

IV. Project Development Department
1. Assistant Manager (1) Post / Male
   - BE (Mechanical)
   - must have good command in English
   - Able to operate office automation
   - At least 3 years working Experience in the related field

V. Marketing Department
1. Marketing Executive (1) Post / Male
   - BE / AGTI (EP)
   - Age 30 ~ 35 years
   - At least 3 years experience in technical field.
   - Able to operate office automation

All position require a good command of both spoken & written English and Computer literate as compulsory.

To be attached with C.V in details of experience, qualifications, contact telephone number with recent photograph, labor registration card and recommendation of good characters & free from criminal record by 10th Sept 2004 latest attention to " Manager, Admin Department, 22(A), Kaba Aye Pagoda Road, Bahan Township, Yangon." Please contact the following Telephone Number within 16th Sept to 17th Sept 2004 for personal interview.

Ph No. 543443, 541533, 558672 Ext: (0,34)

9-19. SEPTEMBER FESTIVAL

စက်တင်ဘာလ (၉)ရက်မှ (၁၉)ရက်နေ့အထိ

KITCHEN MART

အိမ်ရှင်မများ စေတ်မီဖို့ KITCHEN MART မှာဈေးဝယ်စို့

Fancy ... Rice Cooker ...

KITCHEN MART ဆိုင် (၁)	Tel : 245572
KITCHEN MART ဆိုင် (၂)	Tel : 663646
KITCHEN MART ဆိုင် (၃)	Tel : 545117 Ext : 804
KITCHEN MART ဆိုင် (၄)	Tel : 541322
KITCHEN MART ဆိုင် (၅)	Tel : 245606
KITCHEN MART ဆိုင် (၆)	Tel : 572889
KITCHEN MART ဆိုင် (၁၀)	Tel : 643151
KITCHEN MART ဆိုင် (၁၂)	Tel : 699482
KITCHEN MART ဆိုင် (၁၃) (MMB)	Tel : 0950-06753
KITCHEN MART ဆိုင် (၂၁)	

SPONSORS & CO-OPERATION BY :

VE VE ✿ HAPPY WA ✿ TONG TAH CO LTD ✿ F.M CO LTD ✿ NEW STRENGTH CO LTD ✿ AUNG ENTERPRISE (TOYS&BABY WARES) ✿ COCOON ✿ AUNGGABAR CO LTD ✿ ALPINE ✿ MDG GOLD ROASTI GOLD COFFEE MIX ✿ 555 ✿ MAMEE ✿ DUMEX

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃(ဘီ) မြေအမှတ် ၃၆ (၄၃၈-ဂျေ) (၄၃၈-ဂျေ-၁)နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ရန် ဒေါ်သန်းသန်းဌေး ၁၂/ကမရ(နိုင်)၀၃၅၃၃၃ အား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးဘကြည်
၁၂/တမန(နိုင်)၀၉၃၇၈၂။

SHINE AC-DC

750KVA မှ 1000KVA Generator ... (09-80- 23008)

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀နှင့်၁)
ရန်ကုန်တိုင်းတရားမရုံး၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၁၂၂

ဒေါ်ယဉ်ယဉ် ပါ-၂ နှင့် ဦးရွှေတိုး ပါ-၁၂
တရားလို **တရားခံ**

၂။ ဦးရွှေတိုး၊ ၆။ မနီနီဝင်းနိုင်၊ ၈။မဖြူဖြူဝင်းနိုင်၊ ၉။မဝါဝါဝင်းရွှေ အမှတ်၁၂၊ ဒုတိယထပ်၊ စဥ့်အိုးတန်းလမ်း၊ (၃)ရပ်ကွက်၊ လသာမြို့နယ် (ယခုနေရပ်လိပ်စာမသိ)နှင့် ၁၁။ ဒေါ်တင်ထွေးရီ အမှတ် ၁၂၊ ဒုတိယထပ်(ထပ်ခိုးခန်း)၊ စဥ့်အိုးတန်းလမ်း၊ (၃)ရပ်ကွက်၊ လသာမြို့နယ် (ယခု နေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်သော ဒေါ်ယဉ်ယဉ် ပါ-၂ က ဥပစာလက်ရောက်ရလို ကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက် (၁၃၆၆ ခုနှစ် တော်သလင်းလဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ ၉း၃၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)၊ ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို အမေရိကန်ဒေါ်လာ(US Dollars)၊ယူရို(Euro) ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)15/MR(ML) 2004-2005	Rolled Steel Locomotives Steel Tyre (Rough Turn) for Diesel °Electric Locomotives	529-Nos

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၆-၁၀-၂၀၀၄(ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၉-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၂၉၁၉၈၂၊ ၂၀၁၅၅၅ လိုင်းခွဲ ၆၀၂၊၆၀၅၊၆၀၂။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ (Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyats)ဖြင့် စက်မှုလက်မှု လုပ်ငန်းရှင်များ ထံမှ ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	13(T)2/MR(CTM)	Trolley 2004-2005 Width-20 inch Length-30 inch	50-Sets High - 40 inch

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် - ၃၀-၉-၂၀၀၄(ကြာသပတေးနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၃၁-၈-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅ လိုင်းခွဲ-၆၀၂၊၆၀၅၊၆၁၂။

အများသိစေရန်ကြေညာချက်

အမည်ပြောင်း

ဦးဟန်ရှင်းမုံ၏ သား အထက (၃) စမ်းချောင်း ဒသမတန်း(B) မှ မောင်မုံတုံးထန်အား မောင်မုံသုံးထန် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မုံသုံးထန်။

အမည်ပြောင်း

အဖ ဦးအောင်ကျော်ထွန်း၏ သမီး အမက(၁၇) တာမွေ ဒုတိယ တန်းမှ မခင်သူဇာအား ယနေ့မှစ၍ မခိုင်ခိုင်ကျော်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။ **မခိုင်ခိုင်ကျော်။**

အမည်ပြောင်း

အထက(၃) ရွှေပြည်သာ X-H မှ ဦးဝဒမ်းခေါင်ဒီး၏သမီး မခေါင်နင်အား မမေဇင်ဆန်းဟု ပြောင်းလဲခေါ်ပါရန်။

မမေဇင်ဆန်း။

ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဦးသစ်လွင်(ထိခိုက်ဒဏ်ရာကုဌာန၊ အဆောင် ၅/၆၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး)၏ မိခင် ဒေါ်မကြည် အသက်(၈၉)နှစ်သည် ၁-၉-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

Zizawa Healthcare. မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးရှင်မြင့်
အသက် (၇၂) နှစ်

(Gold Yacht Co.,ltd - Director) ...

Gold Yacht Co.,ltd မိသားစု

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ (အမွေဆက်ခံရန်သက်သေခံလက်မှတ်အက်ဥပဒေပုဒ်မ-၃၇၃) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇၆

ဦးရှိန်မောင်
အမှတ် ၂၂၉၊ အောင်သုခ(၂)လမ်း
(၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ရန်ကုန်မြို့။ လျှောက်ထားသူ

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သုခ(၂)လမ်း၊ အမှတ် ၂၂၉နေ ဦးရှိန်မောင်က ကွယ်လွန်သူ ဒေါ်ခင်ညွန့်၏မောင်အရင်းဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ဒေါ်ခင်ညွန့် အမည်ဖြင့် စုဆောင်းကျန်ရှိသည့် စုဆောင်းငွေများအပေါ် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဒေါ်ခင်ညွန့်တွင် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၄ခုနှစ် စက်တင်ဘာ ၁၅ရက် (၁၃၆၆ခုနှစ် တော်သလင်းလဆန်း ၂ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင်လျှောက်ထားသူ ဦးရှိန်မောင်၏လျှောက်ထားချက်ကို နာကြား၍ လက်မှတ်စာရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းထွန်း
ခရိုင်တရားသူကြီး
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ရေကျော်လမ်း၊အမှတ် ၆၄၊ ၃-Bနေ ဒေါ်ညိုညိုဝင်းနှင့်မချမ်းငြိမ်းသူတို့ သိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်လမ်း၊ အမှတ် ၂၃၀-Bတွင် နေထိုင်သူ ဒေါ်ခင်မာလွင်နှင့် ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၀၈(4 -A)တွင်နေထိုင်သူ ဒေါ်ထွန်းသီရိတို့ထံမှ ဒေါ်ညိုညိုဝင်းနှင့်မချမ်းငြိမ်းသူတို့ လက်ခံရယူသွားခဲ့သောငွေများကို ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ဒေါ်ခင်မာလွင်နှင့် ဒေါ်ထွန်းသီရိတို့ထံ အမြန်ဆုံး ပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက တည်ဆဲဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဌေးလွင်(ထားဝယ်)၊ဒေါ်မိုးမိုးခိုင်
တရားရုံးချုပ်ရှေ့နေများ
အမှတ် ၇၊ အခန်း E ၊ ၃၄လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်၊
ဖုန်း-၀၁-၂၅၄၈၅၇၊၂၅၀၉၂၇၊ ၃၈၃၉၇၃။

ဝမ်းနည်းကြေကွဲခြင်း ဒေါ်ခင်ဆွေ (အထက်တန်းပြ)

အထက(၃)မြစ်ကြီးနားမှ ကျောင်းအုပ်ဆရာကြီး ဦးဘထွန်း၏ဇနီး ဒေါ်ခင်ဆွေ အသက်(၅၀)နှစ်သည် ၃၁-၈-၂၀၀၄ရက်တွင် မြစ်ကြီးနားမြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးရဲရင့်ဝင်း-ဒေါ်လှမြတ်သူ။

ဝမ်းနည်းကြေကွဲခြင်း

စစ်ကိုင်းတိုင်း၊ ကလေးခရိုင်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်၏ ချစ်လှစွာသောဖခင်ကြီး ဦးအောင်မြင့်(၈၄)နှစ် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်ရဲထွန်း
(ဒုတိယပါမောက္ခချုပ်)နှင့်
ပါမောက္ခ၊ဌာနမှူးများ၊
ဆရာ ဆရာမများ၊ရုံးဝန်ထမ်းများ၊
ကလေးတက္ကသိုလ်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး ဦးသိန်းချစ်(ခ)ဦးချစ် (သုံးခွ-ညောင်လန်းကုန်း) အသက်(၇၂)နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊သုံးခွမြို့နယ်၊ ညောင်လန်းကုန်းကျေးရွာနေ (ဦးကျော်ညွန့်-ဒေါ်ကျေး)တို့၏သား၊ညောင်လန်းကုန်းကျေးရွာနေ(ဦးပု-ဒေါ်စိန်ခင်)တို့၏ သားသမက်၊ ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ ကိုတင်သန်း-မနီ၊ ကိုစိန်လှ၊ ကိုကျင်ထွန်း-မမြင့်သန်း၊ကိုတင်သောင်း-မဌေးရီ၊ ကိုမြင့်စိန်-မခင်ခင်ငြိမ်း၊ ကိုခင်ချို-မမိုး၊ မောင်မျိုးလွင်-မအေး၊ မောင်ဖြိုးဝေ - မခင်လတ်လတ်ဝင်းတို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၉-၂၀၀၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် အမှတ် ၂၉၊ နံ့သာကုန်း ၁ လမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့ ဦးချစ်၏နေအိမ်မှ သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဆရာကြီး ဦးဝင်းရှိန် ကျောင်းအုပ် (အလက၊ဂျားမား၊သန်လျင်) အသက်(၅၈)နှစ်

ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ နေပြည်တော်လမ်းနေ (ဦးကြင်ရွှေ)-ဒေါ်အေးလှတို့၏သားကြီး၊ သန်လျင်မြို့၊ ဂြိုဟ်တုဆက်သွယ်ရေးဝင်းနေ ဒေါ်ကြူကြူတင် (အထက-၄၊ သန်လျင်)၏ခင်ပွန်း၊ ဒေါ်ညွန့်မေ၊ ဦးကျော်ဝင်း-ဒေါ်စန်းနွဲ့၊ ဒေါ်သိန်းကြည်၊ ဒေါ်လှလှရွှေ၊ ဦးနေဝင်း၊ ဦးသိန်းဝင်း၊ ဦးကျော်အောင်ဝင်း - ဒေါ်အေးအေးမိုးတို့၏ အစ်ကိုကြီးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် သန်လျင်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၉-၉-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် သန်လျင်ဆေးရုံမှ ပျဉ်ထောင်ကျောင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမ ဒေါ်အေးပို (မအူပင်) (အထက-၄၊ အလုံ၊ ငြိမ်း) အသက်(၅၈)နှစ်

မအူပင်မြို့နေ (ဦးကြည်လှိုင်-ဒေါ်ကျင်မေ)၊ (ဦးညိမ်း-ဒေါ်လုံးကျင်)တို့၏ သမီးချွေးမ၊ (ဦးမျိုးညွန့်)၏ဇနီး၊ (ဦးတိုးအောင်)၊ ဦးစန်းတင့်-ဒေါ်ခင်စိုးဝင်းတို့၏ညီမ၊ (ဦးတင့်အောင်)-ဒေါ်အေးမြင့်၊ ဦးအောင်ချို-ဒေါ်တင်ဝင်း၊ ဒေါ်ကြည်ကြည်စန်းတို့၏အစ်မ၊ (မကြည်ကြည်ညွန့်)၊ ကိုနေဝင်းလှိုင်၊ ကိုစည်သူ-မတင်တင်မြင့်၊ ကိုရန်မျိုးအောင်၊ မညွန့်ညွန့်အေး၊ ကိုဇာနည်မျိုး၊ မသီတာမျိုးတို့၏မိခင်၊ မခင်မျိုးသူ၊ မောင်မင်းထက်ကျော်တို့၏အဘွားသည် ၄-၉-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၁၁ လမ်း၊ အမှတ် ၈၅ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ဒါယကာ ဦးဖိုးထောင် (တောင်ကြီးမြို့) အသက်(၁၀၂)နှစ်

တောင်ကြီးမြို့နေ (ဒေါ်အေးစိန်)၏ခင်ပွန်း၊ ဦးပြအေး-ဒေါ်သန်းရွှေ၊ ဦးကြီးညို-ဒေါ်လုံး၊ ဦးဖိုးစီ-ဒေါ်သန်းမေ၊ ဦးချစ်ရီ-ဒေါ်စန်းရီ၊ ဦးမောင်နီ-ဒေါ်ရွှေချည်၊ (ဦးစံဝင်း)-ဒေါ်ဝင်းတို့၏ဖခင်၊ မြေး ၃၁ ယောက်၊ မြစ် ၃၃ ယောက်၊ တီတစ်ယောက်တို့၏အဘိုးသည် ၄-၉-၂၀၀၄ရက် ည ၁၀း၅၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးရင်မြင့်(ခ)အကျုတ်ကူ (ဒေးဒရဲ) အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ အမှတ် ၄၉ နေ (ဦးစံ-ဒေါ်တင်ကြည်)တို့၏သား၊ (ဒေါ်ကျင်နိုင်)၏ခင်ပွန်း၊ ကိုမြင့်နိုင်-မနွယ်နွယ်၊ ကိုရဲနိုင်-မခင်သီတာမိုး၊ မနီလာ-ကိုသန်းစိန်၊ မသန္တာ-ကိုပြုံးနိုင်၊ မသီတာ၊ မသိင်္ဂီမြင့်-ကိုဝင်းထွဋ်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၄-၉-၂၀၀၄ရက် နံနက် ၂ နာရီတွင် ၁၅ လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း သီတဂူသာသနာပြုအဖွဲ့ အမှုဆောင်လူကြီး သီတဂူကျောင်းနှင့်ပဥ္စနိကာယ်ကျောင်းဒါယကာကြီး လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင် ဦးအောင်မြင့် အသက်(၅၈)နှစ်

၂၂-၈-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးအောင်မြင့် နာမကျန်းဖြစ်စဉ် မေတ္တာ၊ စေတနာဖြင့် ဆေးဝါးကုသပေးခဲ့ကြသော ဗဟိုရ်စည်အထူးကုဆေးခန်းနှင့် အာရုတော်ဝင် အထူးကုဆေးခန်းတို့မှ သမားတော်ကြီးများ၊ တာဝန်ကျဆရာဝန်၊ ဆရာမများနှင့်သူနာပြုများ၊ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှလိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော သီတဂူသာသနာပြုအဖွဲ့ အမှုဆောင်လူကြီးများ၊ ဒေါ်ဥဏ်စာရီ စာသင်တိုက်နှင့် ပုသိမ်မြို့ ကုလဝိသေသီ စာသင်တိုက်မှ သီလရှင်များ၊ အထက်မြန်မာပြည်၊ အောက်မြန်မာပြည် ပရိယတ္တိအသင်းကြီး၊ နိကာယ်သာသနာတော်ထွန်းကားရေးအသင်းကြီးမှ ပုဂ္ဂိုလ်များ၊ စစ်ဘက်နယ်ဘက် အရာရှိကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ အရာရှိ၊ အရာခံ ပုဂ္ဂိုလ်များ၊ တိုင်းရင်းဆေးသမားတော်ကြီးများနှင့် တိုင်းရင်းဆေးလောကမှ မိတ်ဆွေသင်္ဂဟများ၊ ဆေးကိုယ်စားလှယ်ကြီးများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်မှ အနုပညာရှင်များ၊ ဗဟန်းမြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စည်ပင်၊ ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ၊ ရပ်ဝေးရပ်နီးမှ လွမ်းသူ့ပန်းခြင်းပေးပို့သူများ၊ ကိုယ်တိုင်ကိုယ်ကျနှင့်စာ၊ e-mail၊ ကြေးနန်း၊ တယ်လီဖုန်းတို့ဖြင့် နှစ်သိမ့်အားပေးစကားပြောကြားကြသူများ၊ ဈာပနသို့လိုက်ပါပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူမှန်သမျှအား တစ်ယောက်မကျန် ကျေးဇူးတင်လျက်ရှိနေကြပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း မရ်ယမ်ဘီဘီ(ခ)ဒေါ်မြဇင် (မြောင်းမြ၊ မေမြို့) အသက်(၉၀)

ပြင်ဦးလွင်မြို့၊ (၆)ရပ်ကွက်နေ ဟာဂျီသိုက်၏ဇနီး၊ မြောင်းမြမြို့၊ အမှတ် ၁၃၃၊ ဂေါ်ဖီခြံ ၁ လမ်းနေ ဒေါ်ရှဖီယာ(ခ)ဒေါ်လှမြင့်၏အဒေါ်၊မြေးခုနစ်ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည် ၂၈-၈-၂၀၀၄ရက် (စနေနေ့) ညနေ ၅း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၉-၈-၂၀၀၄ရက် ဗဟိုရ်နမာဇ်အပြီးတွင် မြောင်းမြမြို့ မွတ်စလင်ကဘာရ်စတန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း ဟာဂျီမဒေါ်တီ (မော်လမြိုင်) အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၅ လမ်း၊ အိမ်အမှတ် ၄၃ နေ (ဦးဘာရစ်)၏ဇနီး၊ ဦးသန်းနိုင်-ဒေါ်ချိုလှိုင်ဝင်း၊ ဟာဂျီ ဦးသောင်းညွန့်၊ ဦးခင်မောင်-ဒေါ်ကြူကြူ၊ ဦးတင်ထွန်း-ဒေါ်ခင်ဝင်း၊ ဦးခင်မောင်တင့်-ဒေါ်မာမာလွင်၊ဦးကျော်ရဲလွင်-ဒေါ်သက်သက်မာ၊ ဒေါ်အေးအေးမော်၊ ဒေါ်ဌေးဌေးမော် (ရန်ကုန်တိုင်းစက်မှုဦးစီးဌာန)၊ ဦးခင်မြင့်-ဒေါ်ဝင်းဝင်းမော်၊ ဦးကျော်စိုးမိုးတို့၏မိခင်၊ မြေး ၂၆ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၅-၉-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၆-၉-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးစွန်နီ မွတ်စလင်ကဘာရ်စတန်၌ ဒါဖနာပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး ဦးသန်းမြင့် (ပြင်ဦးလွင်) ကျောင်းအုပ်ဆရာကြီး(ငြိမ်း) အသက်(၆၃)နှစ်

ပြင်ဦးလွင်မြို့နေ (ဦးအုန်းကျော်-ဒေါ်သိန်းတင်)တို့၏သားကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးလှဖေ-ဒေါ်အေးစု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တ/၇၇၊ မင်းရဲကျော်စွာလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ကိုဝင်းနိုင်၊ မအေးအေးသက်၊ ကိုရန်မျိုးနိုင်-မမီမီခင်၊ Dr. သန်းစိုးနိုင်၊ ကိုမျိုးချစ်-မခင်ချောစုလှိုင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၄-၉-၂၀၀၄ရက်(စနေနေ့) နံနက် ၁၀း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း ဒေါက်တာအယ်လ်ဇော်ဘာ (M.B.,B.S) အသက်(၅၀)

သိက္ခာတော်ရဆရာကြီး ဦးအယ်လ်ဇော်ယော်-(ဒေါ်နန်ဆိုင်း)တို့၏ သားထွေး၊ ဒေါ်လှဂျာ၏ခင်ပွန်း၊ မခွန်နန်းမွန်း၊ မနန်လတ်၊ မနန်ဆိုင်းဟောမ်၊ ကျော်ဖခွန်၊ကျော်ခွန်အောင်၊မနန်ရှန်အောင်တို့၏ဖခင်သည်၄-၉-၂၀၀၄ရက် နံနက် ၄း၃၀နာရီတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၉-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွတ်ခိုင်မြို့ ကချင်နှစ်ခြင်းအသင်းတော် Sword Memorial Baptist Church တွင် ဝတ်ပြုဆုတောင်းပြီးခရစ်ယာန်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်ချစ်တင် (ငြိမ်း) အုပ်ချုပ်ရေးမှူး(ငြိမ်း) မြို့တော်စည်ပင် အသက်(၇၆)နှစ်

ကျိုက်ထိုမြို့၊ ကျိုက်ပိကျေးရွာနေ (ဦးဘိုးရုံး - ဒေါ်အေးရင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုတရုံလမ်း၊ ခြံအမှတ် ၁ နေ (ဒေါ်လှရွှေ)၏ခင်ပွန်း၊ ဒေါ်မြနွဲ့၊ ဦးစန်းဦး-ဒေါ်တင်တင်ဌေး၊ ဦးအောင်နိုင်-ဒေါ်ခင်သီတာ၊ ဦးသန်းနိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊နယ်စပ်/စည်ပင်)၊ဦးဝင်းမြင့် (ဌာနစုမှူး၊ မြေယာဌာန၊ မြို့တော်စည်ပင်)၊-ဒေါ်အေးအေးစံ၊ ဦးခင်ဇော်-ဒေါ်စိုးစိုးနွယ်တို့၏ဖခင်၊မြေးရှစ်ယောက်တို့၏အဘိုးသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး ဒေါ်စိန်စိန် (ပျဉ်းမနား) အသက်(၇၂)နှစ်

ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ ဦးဘွားလမ်း၊ အမှတ် ၁၂/၅၊ ရွှေဝါမွေးမြူရေးအစာအရောင်းဆိုင်နေ ဦးသာထွန်း၏ဇနီး၊ ဦးအောင်သိုက်-ဒေါ်မြင့်မြင့်ယဉ်၊ ဦးဘသန်း-ဒေါ်နီလာဝင်းတို့၏မိခင်၊ မောင်ဉာဏ်လင်းအောင်၊ မောင်ရဲမာန်ဦး၊ မဟန်သီအောင်၊ မနှင်းပွင့်ဖြူတို့၏ အဘွားသည် ၃-၉-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ပျဉ်းမနားမြို့၌ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်းရီ အသက်(၆၈)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးအုန်းခင်-ဒေါ်စန်းရင်)တို့၏သမီး၊ ဦးစန်းမြင့်-ဒေါ်စန်းရီတို့၏ညီမ၊ အမှတ် ၁၇၁၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးမင်းဟန်)၏ဇနီး၊ ဦးခင်မောင်ဟန်-ဒေါ်ဥမ္မာရင်၊ ဦးတင်မောင်ဟန်-ဒေါ်ခင်ဆွေဆွေ (နေလင်းထွန်း ရတနာရောင်းဝယ်ရေး)၊ ဒေါ်မင်းမင်းဟန်(မ-၃၊ ပန်းဘဲတန်း)၊ ဦးဆန်နီမင်းဟန် (3/E Neptune Co., ခေတ္တ-စင်ကာပူ)၊ ဦးသန်းကျော်ဟိန်း (WU Park Hein)-ဒေါ်ခင်သီရိမင်းဟန်တို့၏မိခင်၊ မောင်ပြည့်ဖြိုးဟန်၊ မောင်နိုဦးဟန်(Korea Maritime University)တို့၏အဘွားသည် ၅-၉-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၉-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဖုန်းအောင် အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဇောတိကလမ်း၊ အမှတ် ၅၆ (ငါးလွှာ) ခေါင်းရင်းနေ ဦးယဉ်အောင်(ဆောက်လုပ်ရေးရုံးချုပ်)-ဒေါ်နုနုဝင်းတို့၏သား၊ ဦးထွန်းဝင်း-ဒေါ်ချိုချိုအောင်၊ ဦးခင်မောင်ဇော်ဦး-မစန်းစန်းမိုးတို့၏ မောင်၊ မမျိုးမျိုးထွေး၏အစ်ကို၊ ဒေါ်နီလာဝင်း၏ခင်ပွန်း၊မမေစပယ်ထွန်း၊ဆုရတီလင်းတို့၏ဖခင်၊ ဦးတင်ဦး-(ဒေါ်ခင်ရွှေ)၊ ဦးဝင်းမြင့်၊ဦးမြင့်ဦးတို့၏တူ၊ တူ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၅-၉-၂၀၀၄ရက် နံနက် ၆း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တ အာဒိစ္စာဘိဝံသ သာသနဓဇ ဓမ္မာစရိယ မြို့နယ်ဝိနည်းဓိုရ် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ မျက်နှာတော်ရောင်ခြည်ဖွင့်ဆရာတော် သက်တော်(၅၆)နှစ်၊ သိက္ခာတော်(၃၇)ဝါ

ဧရာဝတီတိုင်း၊ ဇလွန်မြို့၊ မစိုးရိမ်ကျောင်းတိုက်ကြီး၏ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စာဘိဝံသသည် ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက် (၂-၉-၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၅း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်(၆-၉-၂၀၀၄ရက်) တနင်္လာနေ့တွင် အန္တိမအဂ္ဂိဈာပနပွဲ ကျင်းပမည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊မစိုးရိမ်ကျောင်း၊ဇလွန်မြို့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး ဒေါ်အမာ (မော်လမြိုင်) အသက်(၉၃)နှစ်

ပြည်မြို့၊ ရွာဘဲရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၃၄ နေ (ဦးသာရန်)၏ဇနီး၊ (ဦးအုန်းမောင်-ဒေါ်တင်တင်)၊ မော်လမြိုင်မြို့နေ (ဦးလှတင်)-ဒေါ်ခင်ပုတို့၏ အစ်မ၊ ဒေါ်သန်းသန်းဌေး(ပြည်မြို့နယ်စာရင်းရုံး)၏မိခင်ကြီး၊ (ဦးကြည်မြင့်)-ဒေါ်ညွန့်ညွန့်၊ ဦးတင်အောင်ဟန်-ဒေါ်ခင်ခင်ဝင်း၊ ဦးသိန်းစိုး(ဒု-ရဲမှူးကြီး၊ ရထားရဲတပ်ဖွဲ့) - ဒေါ်သင်းသင်းအေး၊ ဦးစိန်ဝင်း (ဘဇရ) - ဒေါ်ဆွေဆွေဝင်း (ပန်းဘဲတန်း၊အမက)ဦးတင်လှိုင်အုန်း-ဒေါ်ချိုချိုဘုန်းမြင့်၊ ဦးမြင့်ကြိုင်စိုး(ထန်းပေါက် ကြက်ခြံ) - ဒေါ်ဝေဝေသန်း၊ ဦးသိန်းဝင်း၊ ဒေါ်ခင်ညွန့်ဝေ(နှောကုန်း)တို့၏အဒေါ်သည် ၂၁-၈-၂၀၀၄ရက် (စနေနေ့)နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၈-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ကန်သာဦးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စောရင် (ညောင်လေးပင်) အသက်(၈၅)နှစ်

ညောင်လေးပင်မြို့၊ မန္တလေးလမ်းနေ (ဦးရွှေအိ)၏သမီး၊ (ဦးကောက်)၏ဇနီး၊ ဦးအေးသိန်း၊ ဒေါ်ဖြူဖြူခိုင်(အောင်သိဒ္ဓိဆေးဆိုင်၊ ညောင်လေးပင်)၊ (ဦးတင်မြင့်)၊ ဒေါ်လှသန်းရီ(ကြည့်မြင်တိုင်)၊ (ဒေါ်သန်းသန်းရီ)၊ ဦးမျိုးဝေ(MSTRD)၊ ဒေါ်အေးအေးသန်း(အထက-၁၊ဗဟန်း)၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်သန်း(တက္ကသိုလ်စာရေးကိရိယာဆိုင်၊ ပျဉ်းမနား)၊ ဒေါ်ခင်မြင့်မြင့် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ညောင်လေးပင်)၊ ဒေါ်စိုးစိုးမြင့်(အမှတ်-၂၊ သကြားစက်၊ ပျဉ်းမနား)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၄-၉-၂၀၀၄ရက် (စနေနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၉-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (တိုက် ၁၁၇၊ အခန်း ၁၊ အရှေ့ရန်ကင်းနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စိန်နု(ခ)ဒေါ်နု အသက်(၇၃)နှစ်

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ အမှတ် ၁၀၇၊ အခန်း ၇ နေ(ဦးအေးဖေ-ဒေါ်အေးကျင်)တို့၏သမီး၊ ဦးသောင်းညွန့် (ကြေးမုံသတင်းစာတိုက်)၏ဇနီး၊ ဒေါ်လှမြင့်၏ညီမ၊ ဒေါ်တင်လှ၊ (ဦးစန်း)တို့၏အစ်မ၊ ကိုမြင့်အောင် (သတင်းစာကိုယ်စားလှယ်)-မတင်နွဲ့၊ ကိုထွန်းကြည်-မတင်တင်ဦး၊ မယဉ်ယဉ်နု၊ ကိုဌေးအောင်(ခ)ကိုထွန်းဝင်း (မြန်မာ့အလင်းသတင်းစာတိုက်)-မသန်းသန်းမြင့်၊ ကိုထွန်းလင်း-မတင်တင်အေး၊ ကိုဉာဏ်ထွန်း-မနွယ်နွယ်ထွေး၊ ကိုအေးမင်း-မဝင်းဝင်းစိန်၊ ကိုကြည်ဌေး-မကြင်ကြင်အောင်တို့၏မိခင်၊ မြေး ၁၅ ယောက်တို့၏အဘွားသည် ၄-၉-၂၀၀၄ရက် ည ၁၁း၁၅ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်ဝင်း(ခ)ဒေါ်ရီစီ အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အမှတ် ၃၀၂၊ ၃လမ်း၊ တိုက် ၁၈(အေ၊တတိယထပ်) နေ (ဦးလှဝင်း-ဒေါ်ကျော့)တို့၏သမီး၊ (ဦးမြင့်စိုး)-ဒေါ်အေးမူ၊ (ဦးလှရှိန်)-ဒေါ်ခင်ဝင်းမြတ်(လသာ၊ သမ/ဦးစီး)တို့၏အစ်မ၊ ကိုထွန်းထွန်းလင်း(ပန်းဘဲတန်း၊ ထွေစီး-၃) - ဒေါ်မို့မာလာ၊ ဒေါက်တာဇော်ဝင်း-ဒေါက်တာအိဥမ္မာ၊ ကိုရဲဆန်းဝဏ္ဏ-မနန်းမွန်(လားရှိုး ဆေးရုံကြီး)၊ ကိုမြင့်ဆွေ-မစောစန္ဒာ၊ မောင်ဇေယျာ၊ မမေယမုံ(ဆာကူရာဆေးခန်း)၊ (မောင်အောင်ဆန်းရော)တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၅-၉-၂၀၀၄ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း U Gin Suan Pau F.G.A အသက်(၅၇)နှစ်

တီးတိန်မြို့နယ်၊ အန်းလန်းကျေးရွာနေ U Kai Za Thang-Nu Dim Kho Niangတို့၏သား၊ ဘွမ်လေရွာနေ U Thang Do Pau၊ Nu Thang Kho Niang တို့၏ သားသမက်၊ U Thual၊ Khen Kham၊ Nu Pum Lun Niang၊ Nu Cin Za Niang-U Tuan Za Suan တို့၏ညီ/မောင်၊ Nu Don Man၊ Nu Don Ngaih Nuam တို့၏ အစ်ကို၊ Nu Cin Sian Ning ၏ ခင်ပွန်း၊ Tg. Thang Lam Pau၊ Lia Niang Deih Vung(F.G.A)၊ Tg. Pau Thant Tuang၊ Tg. Kham Khan Tawn၊ Lia Niang Kho Hau(အထက-၃၊ကြည့်မြင်တိုင်) တို့၏ဖခင်သည် ၄-၉-၂၀၀၄ရက် ည ၁၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ၇-၉-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန် ဝတ်ပြုဆောင်၌ဝတ်ပြုပြီးဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် F.G.A မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြတ်ညွန့် (ပျဉ်းမနားမြို့) အသက်(၆၃)နှစ်

ပျဉ်းမနားမြို့နေ(ဦးဘကြည်-ဒေါ်ရွှေသိန်း)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးခင်မောင်၊ မြို့နယ်မှူး၊ ငြိမ်း)၏ဇနီး၊ ဒေါ်အတော်ကြီးစိန်၊ ဦးကျော်ရင်(လ/ထစက်ရုံမှူး၊ ငြိမ်း)-ဒေါ်စန်းကြူ (ရေတာရှည်သကြားစက်)၊ ဦးကျော်ခင် (ထွေ/အုပ်၊ဝက်လက်၊ငြိမ်း)-ဒေါ်ခင်ဆွေတို့၏ညီမ၊ (ဦးထွန်းကျော်)-ဒေါ်အေးအေးပြုံး (ကြယ်ငါးပွင့်)၊ (ဗိုလ်ကြီးမျိုးကျော်၊ ငြိမ်း-ဒေါ်မာလာဝင်း) (ဒဉင်းကုန်း၊ အုတ်စက်ရုံ၊အမှတ်-၁)၊ ဒေါ်အမာကြည် (ဂျုံလုပ်ငန်းစက်ရုံ)၊ ဦးဝင်းမော်-ဒေါ်ကြည်ကြည်ဝေ(အထက-၂၊ ပျဉ်းမနား)၊ ဦးကျော်သန်း - ဒေါ်ကြည်ကြည်မြင့် (ရွှေအိုးကြီးစားတော်ဆက်၊ ပျဉ်းမနား)၊ ဦးမြင့်ဝင်း (ပျဉ်းမနား သကြားစက်)-ဒေါ်ထွေးထွေးကြည်၊ ဦးစိုးသောင်း-ဒေါ်မော်မော်ကြည် (စက်မှု၊ စားကုန်)တို့၏အစ်မသည် ၄-၉-၂၀၀၄ရက် (စနေနေ့) ည ၁၁း၀၀ နာရီတွင် တိုက်အမှတ် ၃၇၁၊ အခန်း ၄၊ အနောက်ရန်ကင်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၉-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488



အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊ အက၊ အတီး အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြပွဲဖွင့်ပွဲတက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၅

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊အက၊အတီး၊အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၇ နာရီက မင်္ဂလာဒုံ ... မန္တလေးမြို့ အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၅

မကွေးတိုင်း ပခုက္ကူမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ပခုက္ကူလေဆိပ် ဖွင့်ပွဲအခမ်းအနားတွင် လေယာဉ်ဆင်းသက်လာစဉ်။

(သတင်းစဉ်)

ပခုက္ကူကို နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသကြီးအဖြစ်သတ်မှတ် နှစ်ပေါင်းကြာမြင့်စွာလေကြောင်းဆက်သွယ်မှုပြတ်တောက်နေရာမှ ယခုအခါ ပခုက္ကူလေကြောင်းလိုင်းပြန်လည်ဖွင့်လှစ်နိုင် တစ်နိုင်ငံလုံး၌ဂျက်လေယာဉ်ဆင်းနိုင်သည့်ကွင်းပေါင်း ၂၄ခုရှိလာ

ရန်ကုန် စက်တင်ဘာ ၅

မကွေးတိုင်း ပခုက္ကူမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ပခုက္ကူလေဆိပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါလေဆိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

မြန်မာ့အလင်း

ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း

■ သဘာဝဓာတ်ငွေ့များကို ယခုအခါ မော်တော်ယာဉ်များတွင် ပြောင်းလဲသုံးစွဲနိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းစက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနိုင်သည့် ကဏ္ဍတစ်ရပ် မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ခေါင်းကြီး (စာ-၂)

■ ပြည်သူပြည်သားအားလုံးကတော့ တပ်မတော်အစိုးရရဲ့ အကျိုးသက်ရောက်မှုရှိတဲ့ လက်တွေ့လုပ်ဆောင်ချက်တွေကို မျက်ဝါးထင်ထင်တွေ့မြင်ခံစားနေရပြီဖြစ်ပါတယ်။

အောင်မိုးစံ၏ အမေရိကန်အစိုးရရဲ့ ကျား-ကျားမီးယပ်ကုထုံးနည်းကို ရပ်ဆိုင်းသင့်ပါပြီ

ဆောင်းပါး (စာ-၃)

■ စစ်ပွဲမဆင်နွှဲမီက အီရတ်တို့က ကြိုးဆိုကြမည်ဟုထင်ခဲ့သော ကန်တပ်ဖွဲ့များ အမှန်တကယ်ရင်ဆိုင်ရသည်မှာ ပြင်းထန်သောခုခံတိုက်ခိုက်မှုများသာဖြစ်။

နိုင်ငံတကာသတင်း (စာ-၄)